The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

## ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 5 August 2025 ၁၁၉၀၀

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ ဆွာချောင်းတံတား ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား လေးလမ်းသွား နိုင်လွန်ကတ္တရာခင်း၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရေး စီမံချက်ရေးဆွဲ

နေပြည်တော် သြဂုတ် ၄

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ အမြန်လမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာ၍ လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

ယနေ့ ဖတ်စရာ

အနာခံမှ အသာစံရ စိတ်ဓာတ်နှင့်အတူ မြန်မာတစ်မျိုးသားလုံး၏ အားပေးကြမ်းချက်က ..... ဆောင်းပါး စာမျက်နှာ » ၆

ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ဝန်ထမ်းသစ် ၇၃၀၅ ဦး ခန့်ထားနိုင်ခဲ့ပြီး ၃၁၉၂ ဦးကို ရာထူးတိုးမြှင့်ပေးနိုင်ခဲ့မှုကြောင့် ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင် စာမျက်နှာ » ၉

၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ် ဖြစ်ထွန်းမှု အခြေအနေများ စာမျက်နှာ » ၁၅

ကြေးမုံ

# ဆိုက်ဘာအရင်းအမြစ်အီလက်ထရောနစ် ဥပဒေနှင့်အညီ လုံခြုံစိတ်ချလိုက်နာအသုံးပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၉ အရ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁/၂၀၂၅ ဖြင့် ဆိုက်ဘာလုံခြုံရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ပြဋ္ဌာန်းခဲ့သည့် ဆိုက်ဘာလုံခြုံရေးဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၁၁၃/၂၀၂၅ ဖြင့် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေ ပုဒ်မ ၂ အရ သတ်မှတ်လိုက်သည်။

အဆိုပါဥပဒေသည် မျက်မှောက်ကာလ လူမှုဘဝနယ်ပယ်အတွက် အလွန်အရေးကြီးသော ဥပဒေဖြစ်သည်။ မြန်မာနိုင်ငံ၌ သတင်းအချက်အလက် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်မှာ ဆယ်စုနှစ် နှစ်ခုမက ကာလသို့ရောက်ရှိသည့်အချိန်၌ အများပြည်သူတို့အနေဖြင့် မိမိတို့အသုံးပြုသည့် လူမှုကွန်ရက်များပေါ်၌ သတိပြုရမည့်အချက်များစွာတို့ကို ဤဥပဒေတွင် မီးမောင်းထိုးပြသထားသည်။ ထို့ကြောင့် အများပြည်သူတို့အနေဖြင့်လည်းကောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အသုံးပြုနေကြသူများအနေဖြင့်လည်းကောင်း ပြဋ္ဌာန်းလိုက်သည့် ဆိုက်ဘာလုံခြုံရေးဥပဒေပါ အချက်များအား အထူးအလေးထား မှတ်သားလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဆိုက်ဘာလုံခြုံရေးဥပဒေသည် အွန်လိုင်းအသုံးပြုကြသူများအားလုံး သိရှိလေ့လာ လိုက်နာမှတ်သားကြရမည့်ဥပဒေဖြစ်ပြီး အထူးသဖြင့် သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာကိုအသုံးပြု၍ နိုင်ငံရေးအမြတ်ထုတ်သူများ၊ ငွေကြေးအကျိုးအမြတ် ရှာဖွေနေကြသူများ သတိထားရမည့်အချက်များပါဝင်သည်။ ဆိုက်ဘာလုံခြုံရေးဥပဒေနှင့်ပတ်သက်၍ အများပြည်သူတို့နှင့် သက်ဆိုင်ပြီး နိုင်ငံတော်အစိုးရနှင့် နိုင်ငံများက အလေးထားတိုက်ဖျက်နေသည့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများလည်း ပါဝင်သည်။ ယခုအခါ တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုများကို အိမ်နီးချင်းနိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ဆိုက်ဘာလုံခြုံရေးဥပဒေတွင် အများပြည်သူ သိရှိထားသင့်သည့် အရေးကြီးသောအချက်များမှာ မရိုးမဖြောင့်သောသဘောဖြင့် ဆိုက်ဘာအရင်းအမြစ်များကို အသုံးပြုပြီး ငွေကြေးတစ်ရပ်ရပ်ကို ခိုးယူခြင်း၊ အကျိုးဖျက်ဆီးခြင်း သို့မဟုတ် အခြားသူတစ်ဦးဦးအား ပြုလုပ်ရန်စေခိုင်းခြင်း၊ ခွင့်ပြုချက်မရှိဘဲ အွန်လိုင်းလောင်းကစားစနစ် တည်ဆောက်ခြင်း။ ဖေ့စ်ဘွတ်၊ ယူကျု၊ တစ်တော့ခ်၊ တယ်လီဂရမ် အစရှိသော လူဦးရေတစ်သိန်းနှင့်အထက်ရှိသည့် ဒစ်ဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းများ အစရှိသည့် အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ပါက တရားဝင်မှတ်ပုံတင် လိုင်စင်လျှောက်ထားခြင်း၊ လျှောက်ထားရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက အရေးယူခြင်း စသည့် ပြစ်မှုပြစ်ဒဏ်၊ ထောင်ဒဏ်များပါဝင်သည်ကို တွေ့ရသည်။

ဥပဒေတွင် ဒစ်ဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် ဝန်ဆောင်မှုပေးသည့် ပလက်ဖောင်းတွင် အမုန်းတရားကိုဖြစ်စေသော၊ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေသော သို့မဟုတ် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော သတင်းအချက်အလက်များဖြစ်ပေါ်ခြင်း၊ မမှန်သတင်း သို့မဟုတ် ကောလာဟလသတင်းများဖြစ်ပေါ်ခြင်း၊ အများပြည်သူကြည့်ရှုရန် မသင့်လျော်သော သတင်းအချက်အလက်များကို ဖော်ပြခြင်း၊ လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်ဖြင့် ဖော်ပြသော ကလေးသူငယ်များ၏ ညစ်ညမ်းပုံ၊ ညစ်ညမ်းဗီဒီယို၊ စာသားများ သို့မဟုတ် သင်္ကေတများကို တစ်နည်းနည်းဖြင့်ဖော်ပြခြင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်သည့် သတင်းအချက်အလက်များကို ဖော်ပြခြင်း သို့မဟုတ် ဥပဒေနှင့်မညီသောပြုလုပ်မှုကို ပြုလုပ်ခြင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လူမှုရေး သို့မဟုတ် စီးပွားရေးကို ထိခိုက်နစ်နာစေရန် ရည်ရွယ်ဖော်ပြသော သတင်းအချက်အလက်နှင့်စပ်လျဉ်းသည့်၊ မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးချိုးဖောက်ခြင်းနှင့် စပ်လျဉ်းသည့် တိုင်ကြားချက်များဖြစ်ပေါ်ခြင်း၊ အကြမ်းဖက်မှုဖြစ်ပေါ်စေရန် လှုံ့ဆော်ခြင်း၊ ကျူးလွန်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် ကြံရာပါအဖြစ်ဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်သည့် မှတ်သားလိုက်နာရမည့်အချက်များပါဝင်သည်။

ထို့အပြင် ဆိုက်ဘာလုံခြုံရေးကို ခြိမ်းခြောက်ခြင်း၊ တိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာလုံခြုံရေးကို အလွဲသုံးစားပြုလုပ်ခြင်းစသည်တို့နှင့်ပတ်သက်သည့် အရေးကြီးသော အချက်အလက်များ၊ တာဝန်ရှိအဖွဲ့အစည်းများ၊ ဆောင်ရွက်ရမည့်အချက်များ၊ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူမှုများ၊ အယူခံဝင်မှုနှင့် ပြစ်မှုပြစ်ဒဏ်များ အစရှိသည်တို့ ကျယ်ပြန့်စွာပါဝင်ရာ သတင်းအချက်အလက်နှင့် နည်းပညာထွန်းကားနေသော ယနေ့ကာလ၌ အဆိုပါနည်းပညာများအား အသုံးပြုနေကြသူများအားလုံးအနေဖြင့် ဆိုက်ဘာလုံခြုံရေးဥပဒေပါအချက်များကို လေ့လာမှတ်သားအလေးထားလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၁၈ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်လေးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၄-၈-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၇-၇-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၈-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိနှုန်းမှာ (၀.၃၆) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန
(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဩဂုတ် ၄

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၄ ရက် မွန်းလွဲ ၁၂ နာရီ ၅၃ မိနစ် ၄၃ စက္ကန့်တွင် တောင်ကြီး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၅၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မောက်မယ်မြို့၏ အနောက်-အနောက်တောင်ဘက် ၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၂၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၆၈ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ၄ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား ၁၆.၃၂၉၃၂၅ ဂရမ်၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


## သင့်စီးပွားရေး လုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၄ - ၈ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
| --- | --- | --- | --- | --- |
| FMI | ၇,၀၀၀ | ၇,၁၀၀ | ၁၀၀ | ၇၀၀,၅၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၁၄၁ | ၄၆၅,၃၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၃ | ၂၃,၄၀၀ |
| FPB | ၁,၉၀၀ | ၁,၉၅၀ | ၂,၃၂၅ | ၄,၅၀၃,၇၅၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၄၅၀ | ၁,၁၇၀,၀၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၈၁၆ | ၁,၃၃၆,၄၀၀ |
| AMATA | ၃,၅၀၀ | ၃,၅၅၀ | ၈၆ | ၃၀၁,၀၅၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၁၄၃ | ၄၆၄,၇၅၀ |
| MADPL(PLB) | ၂,၉၀၀ | ၂,၉၀၀ | ၁၉ | ၅၅,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၉၄) နေရာရှိ ရေထွက်ပေါက်နေရာ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❒ ရှေ့ဖုံးမှ

ထိုသို့စစ်ဆေးရာတွင် အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၉၄)နေရာရှိ ရေထွက်ပေါက်နေရာ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် အမြန်လမ်းမကြီးရှိဆောက်လုပ်ရေးရိပ်သာသို့ ခေတ္တရောက်ရှိကြပြီး အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ရှိ လမ်းနယ် ပေ ၂၀၀ အတွင်း အမြဲစိမ်းသစ်ပင်များစိုက်ပျိုးသွားရန်လိုကြောင်း၊ လမ်းနယ်အတွင်း လေကာပင်များကို လမ်းဖြင့် ၁၀ ပေခြား၍ နှစ်တန်း(သို့မဟုတ်)သုံးတန်း စိုက်ပျိုးသွားရန်လိုကြောင်း၊ အလားတူ လမ်းဘေးဝဲ/ယာရှိ သစ်တောကြိုးဝိုင်း ကြိုးပြင်တောများကိုလည်း ယခုနှစ်မိုးရာသီအတွင်း သစ်ပင်များစိုက်ပျိုးသွားရန်နှင့် ငါးဧက/၁၀ဧကခန့်ရှိသော သစ်တောငယ်များ ထူထောင်စိုက်ပျိုးသွားရန်လိုကြောင်း၊ အမြန်လမ်းမကြီးဘေးတစ်လျှောက်ရှိ တရားမဝင်ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်များနှင့် အခြားတရားမဝင် ဆောက်လုပ်ထားသည့် အဆောက်အအုံများကိုလည်း အမြန်လမ်းမကြီးဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ အမြန်လမ်းပေါ်သို့တက်ရောက်ရန်အတွက် တရားမဝင်လမ်းများ ဖောက်လုပ်ထားရှိမှုမရှိစေရေးနှင့် အမြန်လမ်းမပေါ်တက်ရောက်မည့် သတ်မှတ်ထားသည့် လမ်းများကိုလည်း အမြန်လမ်းမကြီးဥပဒေ၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ဖောက်လုပ်ရေးအတွက်လည်း ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား လေးလမ်းသွား နိုင်လွန်ကတ္တရာခင်း၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရေး စီမံချက်ရေးဆွဲသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ဆက်လက်ထွက်ခွာလာကြပြီး ဆွာချောင်းတံတား ပြန်လည်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တံတားတည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်၊ ဆွာချောင်းကမ်းထိန်းလုပ်ငန်းများနှင့် ရေလမ်းကြောင်းကောင်းမွန်ရေးဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**❖ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ရှိ လမ်းနယ် ပေ ၂၀၀ အတွင်း အမြဲစိမ်းသစ်ပင်များ စိုက်ပျိုးသွားရန်၊ လမ်းနယ်အတွင်း လေကာပင်များကို လမ်းဖြင့် ၁၀ ပေခြား၍ နှစ်တန်း(သို့မဟုတ်) သုံးတန်း စိုက်ပျိုးသွားရန်**

**❖ လမ်းဘေးဝဲ/ယာရှိ သစ်တောကြိုးဝိုင်း ကြိုးပြင်တောများကိုလည်း ယခုနှစ်မိုးရာသီအတွင်း သစ်ပင်များစိုက်ပျိုးသွားရန်နှင့် ငါးဧက/၁၀ဧကခန့်ရှိသော သစ်တောငယ်များ ထူထောင်စိုက်ပျိုးသွားရန်လို**





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ဝင်းအတွင်းရှိ ရေကန်နှင့် ဗိုလ်ချုပ်ကိုယ်တိုင်စိုက်ပျိုးခဲ့သည့် သီးပင်စားပင်စိုက်ခင်းနေရာပြကွက်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) နှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တို့သို့သွားရောက်၍ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၄**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)နှင့် ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တို့သို့ သွားရောက်၍ ခင်းကျင်းပြသထားရှိမှုများနှင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ရှိ ဗိုလ်ချုပ်အောင်ဆန်းစီးနင်းခဲ့သည့် မော်တော်ယာဉ်ပြသထားရှိမှုနှင့် မော်တော်ယာဉ်အား ပြင်ဆင်နေမှုကို ကြည့်ရှုစဉ်။

**ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗဟန်းမြို့နယ်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သို့ ရောက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်းစီးနင်းခဲ့သည့် မော်တော်ယာဉ်ပြသထားရှိမှုနှင့် မော်တော်ယာဉ်အား ပြင်ဆင်နေမှု၊ ပြတိုက်အတွင်းခင်းကျင်းပြသထားသည့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၏ နောက်ခံသမိုင်းအကျဉ်း၊ မှတ်တမ်းဓာတ်ပုံများနှင့် ပုံတူပန်းချီကားများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူရုပ်တု၊ ဗိုလ်ချုပ်၏ငယ်ဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ နိုင်ငံရေးလောကဘဝ၊ တပ်မတော်ခေါင်းဆောင်ဘဝ၊ နိုင်ငံခေါင်းဆောင်ဘဝ၊ မိသားစုဘဝ မှတ်တမ်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ၊ ဧည့်ခန်း၊ အထူးအစည်းအဝေးခန်း၊ အိပ်ခန်း၊ စာကြည့်တိုက်တို့အတွင်း ခင်းကျင်းပြသထားသည့် ဗိုလ်ချုပ်အောင်ဆန်းအသုံးပြုခဲ့သော အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများ၊ ပန်းချီကားများ၊ ဓာတ်ပုံများနှင့် ပရိဘောဂပစ္စည်းများ၊ ဗိုလ်ချုပ်အောင်ဆန်း ဖတ်ရှုလေ့လာခဲ့သည့် စာအုပ်များနှင့် ဗိုလ်ချုပ်၏ သမိုင်းမှတ်တမ်းများအား ရေးသားထားသော ခေတ်အဆက်ဆက်တွင်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဗိုလ်ချုပ်အောင်ဆန်း စီးနင်းခဲ့သည့်မော်တော်ယာဉ်အား ရေရှည်တည်တံ့ ကောင်းမွန်နေစေရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆက်လက် ဆောင်ရွက်သွားရန် လိုကြောင်း၊ သမိုင်းမှတ်တမ်းဓာတ်ပုံများအား ခေတ်မီနည်းပညာများအသုံးပြု၍ ယခုထက်ပိုမိုကောင်းမွန် ကြည်လင်ပြတ်သားသည့်ပုံများဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မီးလိုင်းများ သွယ်တန်းထားရှိမှုများကိုလည်း စနစ်တကျဖြစ်စေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ဗိုလ်ချုပ်၏ မိန့်ခွန်းများမှ မိန့်ခွန်းကောက်နုတ်ဖော်ပြထားမှုအား လွယ်ကူရှင်းလင်းစွာ ဖတ်ရှုလေ့လာနိုင်ရေး ကြည်လင်ပြတ်သားမှု ရှိအောင် ပြန်လည်ဆောင်ရွက်ပြသထားရှိရန်လိုကြောင်း၊ ပြတိုက်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် လမ်းဘေးဝဲ၊ ယာရှိသစ်ပင်များအား အောက်ခြေရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ အမှိုက်သရိုက်များ မရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ဝင်းအတွင်းရှိ ရေကန်၊ ဗိုလ်ချုပ်ကိုယ်တိုင် စိုက်ပျိုးခဲ့သည့် သီးပင်စားပင် စိုက်ခင်းနေရာပြကွက်နှင့် ပြတိုက်ပတ်လမ်းအတိုင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရေကန်၏ပုံသဏ္ဍာန်အမှန်ကို ပြန်လည်ဖော်ထုတ်လေ့လာ၍ နဂိုမူလပုံစံမပျက် ပြသထားရှိရန်လိုကြောင်း၊ **စာမျက်နှာ ၅ သို့** ❂

☆ **ဗိုလ်ချုပ်အောင်ဆန်းစီးနင်းခဲ့သည့်မော်တော်ယာဉ်အား ရေရှည်တည်တံ့ကောင်းမွန်နေစေရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆက်လက်ဆောင်ရွက်**

☆ **သမိုင်းမှတ်တမ်းဓာတ်ပုံများအား ခေတ်မီနည်းပညာများအသုံးပြု၍ ယခုထက်ပိုမိုကောင်းမွန်ကြည်လင်ပြတ်သားသည့်ပုံများဖြစ်အောင် ဆောင်ရွက်သွားရန်လို၊ မီးလိုင်းများသွယ်တန်းထားရှိမှုများကိုလည်း စနစ်တကျဖြစ်စေရေးဆောင်ရွက်**

☆ **ဗိုလ်ချုပ်၏မိန့်ခွန်းများမှ မိန့်ခွန်းကောက်နုတ်ဖော်ပြထားမှုအား လွယ်ကူရှင်းလင်းစွာဖတ်ရှုလေ့လာနိုင်ရေး ကြည်လင်ပြတ်သားမှုရှိအောင် ပြန်လည်ဆောင်ရွက်ပြသထားရှိရန်လို**

✪ စာမျက်နှာ ၄ မှ
ပြတိုက်သို့ လာရောက်လေ့လာသူများကိုလည်း စနစ်တကျ စာရင်းသွင်း ထားရှိရန်လိုပြီး ထူးခြားသည့် ကိန်းဂဏန်းများဖြစ်သည့် ရာပြည့်၊ ထောင်ပြည့် လာရောက်သူများ အတွက် သင့်လျော်သည့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သွားရန်လိုကြောင်း မှာကြားသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သည် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သောအိမ်ကို ပြတိုက်အဖြစ်ခင်းကျင်းပြသထားခြင်းဖြစ်ကြောင်း၊ ၁၉၂၁ ခုနှစ်တွင် တည်ဆောက်ခဲ့သောအဆောက်အအုံဖြစ်ပြီး အနောက်တိုင်းဗိသုကာဟန်များ ရောနှောတည်ဆောက်ထားသော ဥရောပပုံစံအဆောက်အအုံတစ်ခု ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် မိသားစုနှင့်အတူ ယခုအိမ်၌ ၁၉၄၅ ခုနှစ် မေလမှ ၁၉၄၇ ခုနှစ် ဇူလိုင်လ လုပ်ကြံခံရသည့်နေ့အထိ နေထိုင်ခဲ့ကြောင်း၊ ပြတိုက်အတွင်း ဧည့်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်း၊ စာဖတ်ခန်း၊ ကလေးများအိပ်ခန်း၊ အထူးအစည်းအဝေးခန်း၊ ဘုရားခန်း၊ ဗိုလ်ချုပ်အောင်ဆန်းအားလပ်ချိန်တွင် စိုက်ပျိုးသောစိုက်ခင်း၊ ဗိုလ်ချုပ်အောင်ဆန်းစီးနင်းအသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် WOLSELEY အမျိုးအစား မော်တော်ယာဉ်နှင့် ဓာတ်ပုံမှတ်တမ်းပြခန်းတို့ကို ခင်းကျင်းပြသထားရှိပြီး အများပြည်သူများအနေဖြင့် သတ်မှတ်ချိန်များအတွင်း အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် သမိုင်းမှတ်တမ်းအထောက်အထား စာရွက်စာတမ်းများနှင့် ဓာတ်ပုံများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

လိုက်ပါ၍ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) အဆောက်အအုံသို့ရောက်ရှိကြပြီး အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် သမိုင်းမှတ်တမ်းအထောက်အထားစာရွက်စာတမ်းများနှင့် ဓာတ်ပုံများ ထိန်းသိမ်းထားရှိမှုနှင့် လွှတ်တော်ခန်းမ ထိန်းသိမ်းထားရှိမှုတို့ကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက သမိုင်းကြောင်းကို ဖော်ပြလျက်ရှိသည့် ဓာတ်ပုံများနှင့် စာရွက်စာတမ်းများကို ခေတ်မီနည်းပညာများအသုံးပြု၍ ယခုထက် ကြည်လင်ပြတ်သားမှုရှိအောင် ဆောင်ရွက်ခင်းကျင်းပြသသွားရန်လိုကြောင်း၊ ဓာတ်ပုံများ၊ အသုံးအဆောင် ပစ္စည်းများအား အညွှန်းဖော်ပြရာတွင်လည်း ရေးထုံးသတ်ပုံများ စနစ်ကျမှန်ကန်မှုရှိရန်နှင့် လွယ်ကူရှင်းလင်းစွာ ဖတ်ရှုနားလည်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် ယခင်ခေတ်က အသုံးပြုခဲ့သည့် ပုံစံများအတိုင်းဖြစ်စေရေး ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးများရုံး အဆောက်အအုံအတွင်းလှည့်လည်၍ ဗိုလ်ချုပ်ရုံးခန်းနှင့် အစည်းအဝေးခန်းမအတွင်း ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရမှုအား ပြသထားရှိမှု၊ ဓာတ်ပုံ

**☆ ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရမှုနှင့် ဗိုလ်ချုပ်အောင်ဆန်း ရုံးထိုင်သည့်နေရာအား မူလခင်းကျင်းထားရှိမှုအတိုင်း ခင်းကျင်းပြသသွားရန်လို**

**☆ သမိုင်းအထောက်အထားဓာတ်ပုံများအား ပုံစာအညွှန်းတပ်၍ ဖော်ပြသွားရန်လို၊ သမိုင်းအထောက်အထား ဓာတ်ပုံများအား ထပ်မံပြုစု၍ ခင်းကျင်းပြသသွားရန်နှင့် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး ပြုပြင်ထိန်းသိမ်းမှုများကို မူလလက်ရာအတိုင်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်**

ပြခန်းအတွင်း သမိုင်းဝင်ဓာတ်ပုံများ ပြသထားရှိမှု၊ သမိုင်းဝင်အထောက်အထားများ ပြခန်းအတွင်း ခင်းကျင်းပြသထားရှိမှုနှင့် အဆောက်အအုံ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အစည်းအဝေးခန်းမအတွင်း၌ ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရမှုနှင့် ဗိုလ်ချုပ်အောင်ဆန်း ရုံးထိုင်သည့်နေရာအား မူလခင်းကျင်းထားရှိမှုအတိုင်း ခင်းကျင်းပြသသွားရန်လိုကြောင်း၊ သမိုင်းအထောက်အထားဓာတ်ပုံများအား ပုံစာအညွှန်းတပ်၍ ဖော်ပြသွားရန်လိုကြောင်း၊ သမိုင်းအထောက်အထား ဓာတ်ပုံများအား ထပ်မံပြုစု၍ ခင်းကျင်းပြသသွားရန်နှင့် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး ပြုပြင်ထိန်းသိမ်းမှုများကို မူလလက်ရာအတိုင်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်နှင့် ထိုခေတ်တွင် မီခဲ့သည့် သတင်းစာဆရာကြီးများ၊ စာရေးဆရာများအား လိုက်လံမေးမြန်း၍ တစ်ပုံစံတည်းဖြစ်အောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ အဆောက်အအုံ၏ အချို့နေရာများ၌ နိမ့်ကျနေမှုကို ပြန်လည်မြှင့်တင် ထိန်းသိမ်းနိုင်ရေး ပညာရှင်များဖြင့် စနစ်တကျ သုတေသနပြု ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အဆောက်အအုံသို့ ရောက်ရှိကြပြီး အဆောက်အအုံအတွင်းရှိ ရုံးခန်းများ၊ စာကြည့်တိုက်၊ တရားခွင်များနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ပြတိုက်အတွင်းသို့ လိုက်လံကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အအုံသည် ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သဖြင့် မူလလက်ရာမပျက်ယွင်းစေဘဲ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုအဆောက်အအုံသည် ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ရှေးဟောင်းအဆောက်အအုံ တစ်ခုဖြစ်သဖြင့် အဆောက်အအုံ ရေရှည်ကောင်းမွန်ကြံ့ခိုင်စေရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရန်နှင့် သန့်ရှင်းသာယာလှပစေရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် ကြည့်ရှုစစ်ဆေးစဉ်။

# အနာခံမှ အသာစံရ စိတ်ဓာတ်နှင့်အတူ မြန်မာတစ်မျိုးသားလုံး၏ အားပေးကြမ်းချက်က .....

မိုးကေနိုင်

သူတို့ ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်နေတာကြည့်ပြီး မိမိတို့ကိုယ်တိုင်မှာ ယုံကြည်ချက်တွေ တိုးလာတယ်။ သေချာပါတယ်။ သူတို့ဆီမှာရှိနေတဲ့ အနိုင်ယူမယ်ဆိုတဲ့ ယုံကြည်ချက်၊ အောင်ပွဲအလီလီရယူမယ်ဆိုတဲ့ခံယူချက်၊ တစ်နည်းအားဖြင့် အောင်စိတ်၊ မောပန်းရုံနဲ့မရပ်၊ နိုင်မှရပ်မယ်ဆိုတဲ့ အောင်စိတ်မျိုး။ အောင်စိတ်ချည်းပဲမဟုတ်ပြန်၊ အနိုင်ရအောင် ဘယ်လိုပြင်ဆင်မလဲ၊ ဘယ်လိုလေ့ကျင့်မလဲဆိုတဲ့ နည်းစနစ်၊ ဒါမှသာ အကောင်းဆုံးစွမ်းဆောင်ရည်တွေပြသပြီး အကောင်းဆုံးယှဉ်ပြိုင်အနိုင်ယူ၊ ဆုတံဆိပ်တွေရပြီဆိုတဲ့ ရလဒ်ကောင်းကိုမြင်ရမယ်။



(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာအမျိုးသား အမျိုးသမီး သေနတ်ပစ်အဖွဲ့ ကြိုတင်လေ့ကျင့်နေစဉ်။

အနိုင်မခံ၊ အရှုံးမပေးခံယူချက်ရှိနေကြတဲ့အတွက် သူတို့ဟာ နိုင်ငံအတွက် သူရဲကောင်းတွေဖြစ်မှာမလွဲ။ ပြိုင်ပွဲအကြို ကြိုတင်မွေးထားရမယ့်ခံယူချက်နဲ့ စိတ်ဓာတ်တွေမှာ အရေးအကြီးဆုံးက ကြံ့ရနိုင်တဲ့ စိုးရိမ်စိတ်တွေ၊ ဖိအားတွေပဲ၊ လျှော့ချထားရမယ်၊ ကြောက်စိတ်တွေ အငဲ့စိတ်တွေမထားရ၊ အရေးအကြီးဆုံးက စိတ်ဓာတ်ပါပဲ။ ကြောက်စိတ်နေရာမှာ အောင်ပွဲဆာလောင်စိတ်နဲ့ အစားထိုး၊ မိမိကိုယ်မိမိယုံကြည်မှုကို အမြင့်ဆုံးမှာ တည်ဆောက်ကြဖို့ပဲ။

အားကစားမှာ 5 S's ဖြစ်တဲ့ stamina, speed, strength, skill and spirit ဆိုတာရှိတယ်၊ သူတို့အားလုံး တစ်ခုနဲ့တစ်ခု ဟန်ချက်ညီနေရမယ်။ ခံနိုင်ရည်၊ ခွန်အား၊ အမြန်နှုန်း၊ ကျွမ်းကျင်မှုနဲ့ စိတ်ဓာတ်။ ထိုငါးချက်မှာ ကြိုတင်ပြင်ဆင်အောင်ပွဲဝင်၊ စိတ်ဓာတ်ကောင်းရင် အောင်ပွဲဆင်ဆိုတဲ့အတိုင်း မိမိတို့ရဲ့စိတ်ပိုင်းဆိုင်ရာစေ့ဆော်မှုတွေနဲ့အတူ ရုပ်ပိုင်းဆိုင်ရာ အင်အားတွေကို စုစည်းပြီး အကောင်းဆုံးသော အင်အားထုကြီးကို တည်ဆောက်ထားကြဖို့ပါပဲ။

## အကောင်းဆုံးပြိုင်ပြီး အများဆုံးဆုတွေယူခဲ့ဖို့

အားလုံးသိတဲ့အတိုင်း ထိုင်းနိုင်ငံမှာ ကျင်းပမယ့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲကြီးက သုံးလသာလိုပါတော့တယ်။ နေရာသုံးနေရာခွဲပြီး ဆင်နွှဲကြမယ့်ပွဲမှာ အားကစားနည်း ၅၃ မျိုးထည့်သွင်းထားပြီး မြန်မာနိုင်ငံက အားကစားနည်း ၄၀ မှာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အခုအချိန်မှာ ပြိုင်ပွဲဝင်ကစားသမားအားလုံး ကြိုတင်လေ့ကျင့်ပြင်ဆင်နေကြပြီလည်း ဖြစ်ပါတယ်။ အောင်ပွဲဆိုတဲ့လမ်းဆုံးမရောက်မီ လေ့ကျင့်ပြင်ဆင်ခြင်းဆိုတဲ့ ခရီးလမ်းမှာ လျှောက်လှမ်းနေကြတဲ့ကာလတစ်ခုပါ။ ပြင်းပြင်းထန်ထန် လေ့ကျင့်ကြရင်းဖြင့် နိုင်ငံနဲ့ပြည်သူတစ်ရပ်လုံးရဲ့ အားပေးမှုနဲ့အတူ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ပြီး တွန်းအားပေးနေရတဲ့ အရေးကြီးဆုံးကာလအတွင်းမှာပါ။

ဝင်ရောက်ယှဉ်ပြိုင်တဲ့ အမျိုးအစားပေါင်းက ပြိုင်ခဲ့ဖူးသမျှ အကြိမ်တိုင်းမှာ အခုပြိုင်ပွဲက ၇၅ ရာခိုင်နှုန်းနဲ့ အများဆုံးဖြစ်ပါတယ်။ အားကစားသမား၊ နည်းပြ၊ အုပ်ချုပ်သူအရေအတွက်အားဖြင့်လည်း အများဆုံးဖြစ်ပါလိမ့်မယ်။ အရေးကြီးဆုံးက အခြားနိုင်ငံတွေမှာ ကျင်းပခဲ့တဲ့ ယခင်ပြိုင်ပွဲအားလုံးထက် ယခုဆီးဂိမ်းမှာ အကောင်းဆုံးဝင်ပြိုင်ပြီး ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ် အများဆုံးရယူပေးနိုင်ဖို့ကသာ အဓိကဖြစ်တယ်။

## စီမံမှုကောင်းတွေနဲ့အတူ ဖြစ်လာမယ့် အမှန်တကယ်အိပ်မက်

စိတ်ဓာတ်အင်အား၊ ရုပ်ပိုင်းအင်အားတွေကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ထားရမယ်လို့ဆိုခဲ့ပါတယ်။ စိတ်ပိုင်း၊ ရုပ်ပိုင်းကြံ့ခိုင်အောင်အတွက် စီမံမှုကောင်းတွေရှိပြီးဖြစ်ပေမယ့် မိမိကိုယ်မိမိ တည်ဆောက်ရမယ့်အပိုင်းက ပိုပြီးအဓိကကျပါလိမ့်မယ်။ အခြေခံအားဖြင့်တော့ နိုင်ငံအတွက်၊ တစ်မျိုးသားလုံးအတွက် မြန်မာဆိုတဲ့စိတ်နဲ့ ပြိုင်နိုင်ရမယ်၊ အနိုင်ယူနိုင်ရမယ်။ ဆုတံဆိပ်တွေရခဲ့ရင် ပြည်သူနဲ့ နိုင်ငံတော်က ချီးမြှင့်မယ့်ဆုလာဘ်တွေက မိမိတို့ရဲ့ပန်းတိုင်ကို တွန်းအားဖြစ်စေသလို ထိုချီးမြှောက်ခဲ့မှုများကပင် အောင်ပွဲဆီ အမှန်တကယ်လည်း ရှေးရှုပါတယ်။

အရေးအကြီးဆုံးက မိမိကိုယ်တိုင်သာလျှင်ပါ၊ လေ့ကျင့်မှုအပိုင်း၊ ပြင်ဆင်မှုအပိုင်းမှာ များစွာဝီရိယထားရပါမယ်။ နေ့ပေါင်းများစွာ၊ အပတ်ပေါင်း၊ လပေါင်းများစွာ အချိန်ယူလေ့ကျင့်ထားမှုအားလုံးက ရည်မှန်းချက်က တစ်ခုတည်းပါပဲ။ ပြိုင်ပွဲဝင်အားကစားသမားတွေဟာ အားကစားနဲ့ ဆေးဘက်ဆက်စပ်မှုအပိုင်းကို အထူးအလေးထားကြရပါတယ်။ နှလုံးအပါအဝင် ကျန်းမာရေးစစ်ဆေးမှု၊ ကြွက်သားအဆစ်ကြံ့ခိုင်မှု ဆန်းစစ်မှုတွေက နေ့စဉ်ဆောင်ရွက်ရတဲ့ အစီအစဉ်တွေဖြစ်ပါတယ်။

အာဟာရအပိုင်းမှာလည်း မိမိပြိုင်ပွဲဝင်မယ့် အားကစားနည်းနဲ့ သင့်တော်မယ့်အမျိုးအစား၊ ညီညွတ်မျှတတဲ့ အာဟာရမျိုးကို ရွေးချယ်စားသောက်ကြရတယ်။ နေ့စဉ် အစားအသောက် အစီအစဉ်အောက်မှာအားကစားသမားတစ်ယောက် စားသင့်တဲ့ပမာဏဟာ ကျန်းမာရေးနဲ့ ညီညွတ်ရမယ့်အပြင် ပြင်းပြင်းထန်ထန် လေ့ကျင့်ထားလို့ ကုန်ခန်းသွားတဲ့ ကယ်လိုရီနဲ့ရေဓာတ်ကို ပြန်လည်ဖြည့်ဆည်းပေးရမယ့် အာဟာရအမျိုးအစား ပမာဏနဲ့ချိန်ပြီး စားသောက်ရတာမျိုးပါ။

ကြွက်သားဖွံ့ဖြိုးမှုကိုအားပေးပြီး ကိုယ်အလေးချိန်လည်းမတက်စေ၊ ကိုယ်ခံအားလည်းကောင်းစေတဲ့ lean protein လို အစားအစာမျိုးတွေကို အားကစား အာဟာရပညာရှင်တွေရဲ့ လမ်းညွှန်မှုအောက်မှာ ကစားသမားအားလုံး တိတိကျကျ စားသောက်ကြရပါတယ်။ နောက်တစ်ချက် အရေးကြီးတဲ့အားကစားဆိုင်ရာဆေးပညာကဏ္ဍမှာ ပြိုင်ပွဲဝင်ကစားသမားတွေရဲ့ ထိခိုက်ဒဏ်ရာရရှိနိုင်မယ့်အန္တရာယ်ကိုလည်း ထည့်သွင်းတွက်ချက်ထားရတယ်။ မပြိုင်ခင်မှာ ထိခိုက်ဒဏ်ရာမရအောင် ကြိုတင်ကာကွယ်မှု၊ ဒဏ်ရာအနာတရဖြစ်ခဲ့ရင်လည်း ကုသမှုပရိုတိုကောလ် အစီအစဉ်တွေအတိုင်း လိုက်နာဆောင်ရွက်ကြရတယ်။

လေ့ကျင့်ပြင်ဆင်မှုအပိုင်းမှာ ရုပ်ပိုင်းဆိုင်ရာနဲ့အတူ စိတ်ပိုင်းဆိုင်ရာလေ့ကျင့်မှုကလည်း အောင်မြင်မှုအတွက် အခရာကျလွန်းပါတယ်။ အနိုင်ရလိုစိတ် ပြင်းထန်လာတဲ့အခါ စိတ်ကိုလေ့ကျင့်ထားမှ ကြုံရမယ့်ဖိစီးမှုတွေ၊ စိတ်လှုပ်ရှားမှုတွေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ ပြင်းပြတဲ့စိတ်ဓာတ်အပြင် တည်ငြိမ်တဲ့စိတ်ရှိနေဖို့လည်း လိုတယ်။ စိတ်တည်ငြိမ်ဖို့နဲ့ပတ်သက်ပြီး ပြိုင်ပွဲ

> စိတ်ဓာတ်အင်အား၊ ရုပ်ပိုင်းအင်အားတွေကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ထားရမယ်လို့ဆိုခဲ့ပါတယ်။ စိတ်ပိုင်း၊ ရုပ်ပိုင်းကြံ့ခိုင်အောင်အတွက် စီမံမှုကောင်းတွေရှိပြီးဖြစ်ပေမယ့် မိမိကိုယ်မိမိ တည်ဆောက်ရမယ့်အပိုင်းက ပိုပြီးအဓိကကျပါလိမ့်မယ်။ အခြေခံအားဖြင့်တော့ နိုင်ငံအတွက်၊ တစ်မျိုးသားလုံးအတွက် မြန်မာဆိုတဲ့စိတ်နဲ့ ပြိုင်နိုင်ရမယ်၊ အနိုင်ယူနိုင်ရမယ်။ ဆုတံဆိပ်တွေရခဲ့ရင် ပြည်သူနဲ့ နိုင်ငံတော်က ချီးမြှင့်မယ့်ဆုလာဘ်တွေက မိမိတို့ရဲ့ပန်းတိုင်ကို တွန်းအားဖြစ်စေသလို ထိုချီးမြှောက်ခဲ့မှုများကပင် အောင်ပွဲဆီ အမှန်တကယ်လည်း ရှေးရှုပါတယ်

ဝင်မယ့် အားကစားသမားတွေကို တရားထိုင်တဲ့နည်းလမ်းတွေသုံးပြီး စိတ်ကို လေ့ကျင့်ပေးကြတယ်လို့ဆိုပါတယ်။

နောက်တစ်ချက်က စည်းကမ်းပိုင်းပါ၊ ပြိုင်ပွဲစည်းကမ်းတွေဆိုတာ အလွန်အရေးကြီးပါတယ်။ လိုချင်တဲ့စိတ်နဲ့အတူ နာခံတဲ့စိတ်ရှိဖို့လည်း လိုတယ်။ အစားအသောက်ပုံစံ၊ အိပ်ရာဝင်ချိန်၊ အိပ်ရာထချိန်၊ နားချိန်ကအစပါ။ ပြိုင်ဘက်ကို အနိုင်ယူတဲ့အခါမှာ စည်းမျဉ်းစည်းကမ်းဘောင်အတွင်းက ကစားတတ်ဖို့၊ အနိုင်ယူတတ်ဖို့ အရေးကြီးပါတယ်။ တကယ်တော့ စည်းကမ်းဆိုတာ မိမိရောက်ရမယ့်ပန်းတိုင်နဲ့ ပြီးမြောက်မှုကြားက အကွာအဝေးခြားတစ်ခုသာ၊ ပန်းတိုင်နဲ့ပြီးမြောက်မှုအကြား ခင်းထားတဲ့ တံတားတစ်ခုမျှပါ။ အသင်းလိုက်ပြိုင်ပွဲတွေမှာ ပြိုင်ဘက်အသင်းနဲ့ ခိုက်ရန်ဖြစ်ပွားပြီး မိမိအသင်းအပေါ် အနုတ်လက္ခဏာဖြစ်မသွားအောင် စိတ်ကို ထိန်းသိမ်းနိုင်ဖို့လိုတယ်။ ရန်းရင်းဆန်ခတ်ဖြစ်ပြီး နောက်ဆက်တွဲနိုင်ငံနဲ့ လူမျိုးဂုဏ်သိက္ခာမထိခိုက်အောင် စောင့်ထိန်းရမယ့် စိတ်နေစိတ်ထားတွေ ရှိနေဖို့လိုပါတယ်။ လိုက်နာဖို့အပြင် ရင့်ကျက်မှုပါ ပြသနိုင်ဖို့လိုပါတယ်။

အောင်မြင်မှုပန်းတိုင်ဆီ ချီတက်မယ့် ခရီးလမ်း ဘယ်လမ်းမဆို မချောမွေ့နိုင်ပါဘူး။ အခက်အခဲ အတားအဆီးတွေရှိနိုင်တယ်။ ဘယ်လိုစီမံမှု၊ ဘယ်လိုပြိုင်ပွဲမဆို စိန်ခေါ်မှုဆိုတာ ရှိလာနိုင်တယ်။ မျှော်လင့်မထားတဲ့အချက်တွေကို ကြိုတင်မြော်တွေးထားရပါမယ်။ အထူးသဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲတွေမှာဖြစ်တယ်။ ဥပမာ-ရာသီဥတုအပြောင်းအလဲ၊ အစားအသောက်အပြောင်းအလဲ၊ နေရာအပြောင်းအလဲ၊ စိတ်ပိုင်းဆိုင်ရာဖိအား၊ စိတ်လှုပ်ရှားမှုတွေကနေ အိပ်စက်အနားယူခြင်းအပေါ် ထိခိုက်နိုင်မှုစတဲ့အချက်တွေကို ထည့်တွက်ရပါမယ်။ ဘယ်လိုစိန်ခေါ်မှုမျိုးဖြစ်ဖြစ်ပါ၊ စိန်ခေါ်မှုကို အခွင့်အလမ်းအဖြစ် ပြောင်းနိုင်စွမ်းရှိဖို့က ပိုအရေးကြီးပါတယ်။ ထိုသို့ ပြောင်းနိုင်ခြင်းကပဲ ချန်ပီယံတစ်ယောက်၊ အောင်နိုင်သူတစ်ယောက်ရဲ့ လျှို့ဝှက်ချက်ဖြစ်ပါလိမ့်မယ်။

## စိတ်ခွန်အားတွေ ပေးမြဲပေးလျက်

ဘာပဲဖြစ်ဖြစ် မြန်မာတစ်မျိုးသားလုံးက အားပေးလျက်ပါ။ မြန်မာတွေပါဝင်တဲ့ ပြိုင်ပွဲတိုင်း အားပေးနေပါတယ်။ ယခင့်ယခင်ခေတ်တွေနဲ့မတူအောင် နိုင်ငံတော်ဘက်ကလည်း အားကစားထူးချွန်သူတွေကို အလွန်အားပေး ချီးမြှင့်မြှောက်စားတဲ့ အချိန်အခါကောင်းဖြစ်နေတယ်။ ပြည်သူတွေရဲ့အားပေးမှုသြဘာသံတွေ၊ လက်ခုပ်သံတွေက သင်တို့ရဲ့စွမ်းဆောင်ရည်ကို မြင့်တက်စေမှာအမှန်ပါ။ ဒါကြောင့် နိုင်ငံ့ဂုဏ်ဆောင်မယ့် အားကစားသမားအားလုံး... မဆုတ်မနစ်သော လုံ့လနဲ့ ပုံမှန်လေ့ကျင့်ပြီး ကြိုးစားယှဉ်ပြိုင်ပေးကြပါ။

လေ့ကျင့်မှုဆိုတာ ဘယ်တော့မှပြီးဆုံးတယ်မရှိ၊ ဘယ်တော့မှလည်း အဆုံးသတ်တယ်မရှိ၊ လေ့ကျင့်နိုင်သမျှလေ့ကျင့်ပါ။ ကိုယ်ဝင်ပြိုင်မယ့် ကိုယ့်အားကစား ကိုယ်ကိုယ်တိုင်ချစ်ပါ၊ တန်ဖိုးထားပါ၊ လေးစားပါ။ လေ့ကျင့်မှုဆီကနေ အမြဲသင်ယူ အမြဲလေ့လာပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအမြဲရှိပါ၊

စာမျက်နှာ ၇ သို့

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

နေပြည်တော် ဩဂုတ် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက်ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၃ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း ကျောင်းသား ကျောင်းသူ ၁၉၈ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၆၄၅ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။



ထို့အပြင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဆင်လျှောရွှာ၊ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများ တူးဖော်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းအပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ အဖျားရောဂါနှင့် အထွေထွေရောဂါများဖြင့် လာရောက်ပြသသည့် ဒေသခံတိုင်းရင်းသားပြည်သူ အမျိုးသား ၉၄ ဦး၊ အမျိုးသမီး ၁၂၂ ဦး စုစုပေါင်း ၂၁၆ ဦးတို့အား တပ်မတော်သားဆရာဝန်များနှင့် ဆေးရုံမှကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သထုံမြို့နယ် ကျောင်းပြင်ပအလယ်တန်းပညာရေး အခြေစိုက်စခန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

သထုံ ဩဂုတ် ၄

မွန်ပြည်နယ် သထုံမြို့နယ်၌ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက စီစဉ်ပြုလုပ်သည့် ကျောင်းပြင်ပ အလယ်တန်းပညာရေး(NFME) အခြေစိုက်စခန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းက လိပ်အင်းရပ်ကွက် ရွာဦးသမီးတော်ကုန်း ကျောင်းတိုက်၌ ကျင်းပသည်။



အခမ်းအနားတွင် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က ကျောင်းပြင်ပ ပညာရေးသည် အကြောင်း အမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ရောက်ရှိနေသော ကလေးများအတွက် တန်းညှိပညာရေးဖြစ်ကြောင်း ပထမအကြိမ် ပညာသင်ယူခွင့် ဆုံးရှုံးခဲ့သည့် ကလေးများအတွက် ဒုတိယအကြိမ် ကြိုးစားခွင့် ဖန်တီးပေးသည့် အခွင့်အလမ်းကို ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဆွေနှင့် ကျောင်းပြင်ပ ပညာရေးပြည်နယ်ကြီးကြပ်ရေးမှူး ဦးတင်ထွန်းတို့က ကျောင်းပြင်ပ ပညာရေးလုပ်ငန်း အခြေအနေနှင့် အခြေစိုက်စခန်း ဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သထုံခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများက ကျောင်းသုံးပုံနှိပ်စာအုပ် (မိတ္တူ) ၁၀ စုံနှင့် ဗလာစာအုပ်တို့ကို ပေးအပ်လှူဒါန်းပြီး အလှူရှင်များက ကျောင်းပြင်ပ အလယ်တန်းပညာရေး အခြေစိုက်စခန်းအတွက် ကျောင်းသုံး ဗလာစာအုပ်နှင့် အလှူငွေ စုစုပေါင်း ငွေကျပ် ၈၆ သိန်းခန့် ပေးအပ်လှူဒါန်းကြရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

သထုံမြို့နယ်တွင် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဖွင့်လှစ်ခွင့်ရသည့် ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) အခြေစိုက်စခန်းလေးခုနှင့် ယနေ့ဖွင့်လှစ်သည့် ကျောင်းပြင်ပ အလယ်တန်းပညာရေး (NFME) အခြေစိုက်စခန်း တစ်ခုဖြစ်ကြောင်း ယခုဖွင့်လှစ်သည့် အခြေစိုက်စခန်းမှာ ကိုယ့်အားကိုယ်ကိုး အခြေစိုက်စခန်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောက်တန်းမြို့နယ်၌ မုန့်အမျိုးမျိုးထုတ်လုပ်မှု သင်တန်းဖွင့်

ကျောက်တန်း ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီးသန်လျင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုး စီမံကိန်းအစီအစဉ်ဖြင့် ကျောက်တန်းမြို့နယ်၌ မုန့်အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့တွင် ကျောက်တန်းမြို့နယ် အလယ်ပိုင်းရပ်ကွက်၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အခမ်းအနားကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ အဖွဲ့ဝင် (၂) ဦးစိုးမြင့်ကျော်က ဖွင့်ပွဲ အမှာစကားပြောကြားကာ ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်အေးကျော့ခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းသား ၁၅ ဦးဖြင့် ဩဂုတ် ၄ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လွိုင်လင်မြို့နယ်၌ သမဝါယမအသင်းစု၏အရပ်ရပ်ဆိုင်ရာ စည်းဝေး

လွိုင်လင် ဩဂုတ် ၄

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန ခန်းမ၌ကျင်းပသည်။



**ပြောကြား**

အခမ်းအနားတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ငွေစာရင်းရှင်းတမ်းနှင့် ရှေ့လုပ်ငန်းစဉ်များ ဖတ်ကြားပြီး အမှုဆောင် ဒါရိုက်တာအဖွဲ့သစ်များက ကတိသစ္စာခံယူခဲ့ကြောင်း သိရသည်။ **လွိုင်လင်မိုး**

❒ စာမျက်နှာ ၆ မှ

ယုံကြည်မှုရှိရင် အောင်မြေတစ်ဝက် နင်းပြီလို့မှတ်၊ ဖိအားဒဏ်ခံနိုင်အောင် စိတ်ကိုအမြဲလေ့ကျင့်ပါ။ အောင်မြင်မှုဆိုတာ ကြိုးစားမှုကြောင့်ရလာတာ အရည်အချင်းရှိလို့ရတာ၊ တိုက်ဆိုင်မှုမဟုတ်ကြောင်း ပြနိုင်ရမယ်။ လဲကျမသွားနဲ့၊ ပြိုလဲမသွားနဲ့၊ လဲရင်ရုန်းထ ဘယ်တော့မှမရှုံးစေနဲ့။ ဘယ်လိုအခက်အခဲရှိရှိလုပ်မယ်၊ ကိုင်မယ်ဆိုတဲ့ စိတ်ဓာတ်ကသာ အခရာ။ အသင်းလိုက်မှာ သက်သောင့်သက်သာနဲ့လိုက်မယ်ဆိုတဲ့စိတ် ဘယ်တော့မှ မတွေးပါနဲ့။ ချွေးထွက်များမှ သွေးထွက်နည်းမယ်၊ အနာခံမှအသာစံရမယ့် စိတ်ဓာတ်နဲ့အတူ မိမိဘဝတစ်သက်တာဂုဏ်ယူနေရမယ့် ချန်ပီယံဆိုတဲ့ဆုလာဘ်အတွက် ယခု ခဏတာနာကျင်မှုတွေကို မေ့ထားလိုက်ပါ၊ အနာဂတ်ဆိုတာ မျှော်မှန်းနေရုံနဲ့မပြီး၊ ဖန်တီးမှုရှိမှသာ လှပတဲ့အနာဂတ်ဖြစ်လာမှာပါ။

နေ့တိုင်းနေ့တိုင်းမှာ မနေ့ကထက် ဒီနေ့ ငါဘယ်လောက် ပိုကောင်းအောင်လုပ်နိုင်သလဲ၊ အမြဲဆန်းစစ်နေပါ။ ဒါမှသာ ယနေ့နာကျင်မှုဟာ နောက်တစ်နေ့အတွက် ချိုမြိန်မှုဖြစ်ပါမယ်။ အားကစားပြိုင်ပွဲတစ်ခု အောင်မြင်မှုအတွက် ဆန္ဒ၊ အသိ၊ နည်းနာ ထိုသုံးခုမှာ ထက်သန်တဲ့ဆန္ဒက အရေးကြီးဆုံးလို့ ယူဆပါတယ်၊ ဆန္ဒပြင်းထန်မှုရှိနေရင် အင်အားနဲ့ နည်းနာ နည်းပရိယာယ်တို့ကလည်း နောက်က ထက်ကြပ်လိုက်ပါလာမှာပဲ။ သေချာတာကတော့ ထက်သန်တဲ့စိတ်ဓာတ်မရှိဘဲ အောင်မြင်မှုဆိုတာ ဘယ်တော့မှရောက်မလာဘူးဆိုတာပဲ။ ဒီလိုကြိုးစားရင် ဒီလိုအောင်မြင်မှုရမယ်ဆိုတဲ့ မမိုတ်မသုန်ယုံကြည်ချက်ရှိနေရင် ဒီပုံဒီနည်းလမ်းအတိုင်း လုပ်မယ် ကြိုးစားမယ်ဆိုတဲ့ ခံယူချက်လည်း လိုက်လာမှာပဲ။ ခံယူတဲ့အတိုင်း ကြိုးစားခဲ့ရင် အောင်မြင်မှုက လက်တစ်ကမ်းမှာပါ။

နောက်ဆုံးအချက် အားပေးချင်တာက အိပ်မက်ဆိုတာ ဘယ်အိပ်မက်မှ မကြိုးစားဘဲနဲ့တော့ မရနိုင်ပါဘူး၊ ခက်ခက်ခဲခဲကြိုးစားမှုရဲ့နောက်မှာ ချိုမြိန်တဲ့အောင်မြင်မှု ရှိနေတယ်ဆိုတဲ့အတွက်ကြောင့်... သူတို့အားလုံး ကောင်းကောင်းလုပ်နိုင်ကြမယ်၊ ယခင်စံချိန်ကောင်းတွေကို ချိုးနိုင်ကြမယ်၊ နိုင်ငံတော်အလံ ကွင်းအနှံ့ လွှမ်းသွားမယ်၊ အဆုံးမှာ အောင်ပွဲနဲ့အတူ ပြန်လာကြမယ်ဆိုတာ ဘယ်အချိန်၊ ဘယ်ကာလ၊ ဘယ်နေရာမှာမှ သံသယရှိမှာမဟုတ်တော့ပါ။

အထူးသဖြင့် ယခုဆောင်းပါးဟာ (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဝင်တွေအတွက် အဓိက ရည်ရွယ်တဲ့ အားပေးမှု၊ လှုံ့ဆော်တိုက်တွန်းမှုတွေ ဖြစ်သော်လည်း... ကိုယ်စီကိုယ်စီ ကောင်းမွန်တဲ့ အနာဂတ်တစ်ခုအတွက် ရည်မှန်းချက်ထား ကြိုးစားနေကြသူတွေ၊ ဘဝကို အနိုင်မခံအရှုံးမပေး ကြိုးစားနေကြသူအားလုံး.. အထူးသဖြင့် ကျောင်းသားလူငယ်တွေအတွက်လည်း ရည်ရွယ်ချက်တွေ ပါဝင်သွားခဲ့ပြီးဖြစ်ပါတယ်။ ။

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၄

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီး၊ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန်၊ အရာထမ်း၊ အမှုထမ်းများနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီး၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ကပညာရေးကဏ္ဍမြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ကျောင်းသား ကျောင်းသူများ အနေဖြင့်ပညာရေးကိုအလေးထားကာ တန်းစဉ်အလိုက် ထူးချွန်စွာအောင်မြင်ရေး ကြိုးစားကြစေလိုကြောင်း၊ တက္ကသိုလ်ပညာရပ်များကို ယခုကဲ့သို့ ထူးချွန်အောင်မြင်အောင် ကြိုးစားကြရန်နှင့် မိဘများကလည်း သားသမီးများ၏ ပညာရည်မြင့်မားရေးကို အလေးထား အားပေးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီး၊ ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီး၊ ကျောင်းသား ကျောင်းသူ ဘာသာစုံခြောက်ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင်ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်ကိုးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆ ဦး စုစုပေါင်း ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၄၀ ရှိပြီး နေပြည်တော်အပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးများတွင် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားများကို တစ်ပြိုင်တည်း ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဟသ်ာတမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် စံပြမိခင်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ



ဟသ်ာတ ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်(ပထမပတ်) မိခင်နို့စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စံပြမိခင်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ကျင်းပသည်။

### ပညာပေးဟောပြော

ဦးစွာ ပြိုင်ပွဲဝင်မိခင်များ စာရင်းရေးသွင်းခြင်းနှင့် သက်ဆိုင်ရာအလိုက် တာဝန်ရှိသူများက စံပြမိခင်ရွေးချယ်ခြင်းတို့ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနက မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်းအကြောင်း ပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် တာဝန်ရှိသူများက စံပြမိခင်ပြိုင်ပွဲဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။ ယင်းနောက် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လွင်နှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဝင်မိခင်နှင့် ကလေးများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုဇော်(ဟသ်ာတ)

# မအူပင်မြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

မအူပင် ဩဂုတ် ၄

ဧရာဝတီတိုင်း ဒေသကြီး မအူပင်မြို့၌ ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၅)ရပ်ကွက်ရှိ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### ပစ္စည်းများပေးအပ်

အခမ်းအနားတွင် မအူပင်ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဌေးဌေးမော်က အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုးသက်က ဗီတာမင်အေချို့တဲ့မှုကြောင့် ဖြစ်ပွားတတ်သည့် ရောဂါ လက္ခဏာများနှင့် သန်ကောင် ရောဂါကာကွယ်ရန် နည်းလမ်းများကို ပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူများက ငါးနှစ်အောက် ကလေးငယ်များအား အင်အားပြည့် ဗီတာမင်အေ၊ သန်ချဆေးနှင့် အာဟာရမှုန့်များ တိုက်ကျွေးခဲ့ကြပြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဝန်ထမ်းများက အာဟာရထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များက ကြက်ဥများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

# ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄၁ / ၂၀၂၅ )**
၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း ၁၁ ရက်
( ၂၀၂၅ ခုနှစ် ၊ ဩဂုတ်လ ၄ ရက် )

**ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်၊ ဦးဥတ္တမလမ်း၊ အမှတ်(၄၉)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** ၏ မှတ်ပုံတင် အမှတ်မှာ( ၅၈ ) ဖြစ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုန်ကုန်းလမ်း၊ ခြံအမှတ် (၁၇/A) တွင် ပါတီရုံးချုပ်တည်ရှိသော **ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၇-၂၀၂၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အလံပုံစံ**



**ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ဝန်ထမ်းသစ် ၇၃၀၅ ဦး ခန့်ထားနိုင်ခဲ့ပြီး ၃၁၉၂ ဦးကို ရာထူးတိုးမြှင့်ပေးနိုင်ခဲ့မှုကြောင့် ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဌာနမှူးများနှင့်တွေ့ဆုံအမှာစကားပြောကြားသည်။




တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဌာနမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံကျန်းမာရေးဝန်ထမ်း ၄၇၉၅ ဦး၊ သားဖွားဆရာမ ၁၀၅၈ ဦး၊ သွားဘက်ဆိုင်ရာဆရာဝန် ၂၂ ဦး အပါအဝင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ဝန်ထမ်းသစ် ၇၃၀၅ ဦး ခန့်ထားနိုင်ခဲ့ပြီး ၃၁၉၂ ဦးကို ရာထူးတိုးမြှင့်ပေးနိုင်ခဲ့ကြောင်း၊ ပြည်သူ့ဆေးရုံများတွင် ခုတင်(၅၀)အဆင့်အထိ အထူးကုဆရာဝန်များ ခန့်ထားနိုင်ခြင်းနှင့် သစ်လွင်လက်ထောက်ဆရာဝန်များနှင့် သစ်လွင်သွားနှင့် ခံတွင်းဆရာဝန်များ ထပ်မံခန့်ထားနိုင်ခြင်းကြောင့် ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း။

ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှု အရည်အသွေးမြင့်မားစေရေးအတွက် ဗဟိုအဖွဲ့အနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြည်သူ့ဆေးရုံများတွင် အခမဲ့ဓာတ်ခွဲ၊ ဓာတ်မှန်စမ်းသပ်စစ်ဆေးမှုများ တိုးမြှင့်လုပ်ဆောင်နိုင်ခြင်း၊ နိုင်ငံတော်ကတိုးမြှင့်ပံ့ပိုးပေးသည့် ကျန်းမာရေးရန်ပုံငွေဖြင့် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်း၊ ခေတ်မီစက်ကိရိယာပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ခြင်းတို့ကြောင့် လူနာများ၏ စိုက်ထုတ်ကုန်ကျငွေ လျော့နည်းလာသည်ကို ကောက်ခံရရှိသော အချက်အလက်များအရ တွေ့ရှိရကြောင်း၊ ကျန်းမာရေးဝန်ထမ်းများကိုလည်း ပညာရှင်ဘွဲ့ချီးမြှင့်ခြင်း၊ လုပ်အားခများ ချီးမြှင့်ခြင်း၊ ဝန်ထမ်းအိမ်ရာများ ဖြည့်ဆည်းပေးနိုင်ခြင်း စသည်ဖြင့် ပံ့ပိုးမှုများဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တွေ့ရှိခဲ့ရသော အားသာချက်များကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ပြီး အားနည်းချက်များကို ပြင်ဆင်ဆောင်ရွက်ကာ စာမျက်နှာသစ်ကို ပိုမိုလှပစေရန်၊ နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်စေရန်နှင့် ကျန်းမာရေးအဆင့်အတန်း ယခုထက် ပိုမိုကောင်းမွန်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံဖြစ်စေရန် မိမိတို့တစ်ယောက်ချင်းစီက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှု အညွှန်းကိန်းများ တိုးတက်စေရေးနှင့် တွေ့ကြုံရသည့် ကျန်းမာရေးဆိုင်ရာပြဿနာများကို လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်သည့် ကျန်းမာရေးစနစ်ဖြစ်စေရေး ဆက်လက်ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များက ဌာနအလိုက် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားကြပြီး တက်ရောက်လာကြသည့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဌာနမှူးများက လုပ်ငန်းဆောင်ရွက်မှုနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စွမ်းရည်မြင့်မားရေးသင်တန်း(အကြောပညာ) ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၄

ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စွမ်းရည်မြင့်မားရေးသင်တန်း (အကြောပညာ) ၂/၂၀၂၅ သင်တန်းဖွင့်ပွဲကို ယနေ့တွင် ရန်ကုန် (ခုတင် - ၁၀၀ ဆံ့) တိုင်းရင်းဆေးရုံကြီး ပဒေသရာဇာခန်းမ၌ ကျင်းပသည်။




**အမှာစကားပြောကြား**

အခမ်းအနားတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ကုသရေး) က အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားကို တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ကုသရေး) နှင့် အတူ မြန်မာနိုင်ငံ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးဌာနမှူး၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း ၊ ဆေးရုံအုပ်ကြီး၊ ဒုတိယဆေးရုံအုပ်နှင့် ဆရာ ဆရာမများ၊ အလုပ်သင်ဆရာများ၊ သင်တန်းနည်းပြ ဆရာကြီး ဆရာမကြီးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းရင်း ဆေးရုံကြီးတို့မှ သင်တန်းသား သင်တန်းသူ ၂၀ တို့အား ဆရာကြီး ဆရာမကြီးများက ၁၄ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုဌေး



## ကော့သောင်းမြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲကျင်းပ

ကော့သောင်း ဩဂုတ် ၄

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် မီးသတ်ဦးစီးမှူးရုံးက ကြီးမှူးကျင်းပသော ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း (၁/၂၀၂၅)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကော့သောင်းခရိုင်၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးရဲမြတ်တင့်က အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းတွင် သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် နာရေးကူညီမှုအသင်း၊ ပရဟိတအသင်းတို့မှ သင်တန်းသား ၅၀ အား ဩဂုတ် ၄ ရက်မှ ၁၅ ရက်အထိ သင်တန်းကာလနှစ်ပတ်တာ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ သိသင့်သိထိုက်သည်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မော်လိုက်မြို့၌ အခွန်ကောက်ခံမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

မော်လိုက် ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများအား အခွန်ကောက်ခံမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

ဦးစွာ မော်လိုက်ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေထွန်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စီမံကိန်းဦးစီးမှူး ဦးအောင်ကျော်ဦးက အခွန်ကောက်ခံမှုဆိုင်ရာကိစ္စရပ်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ကေသွယ်မြမြဦးက စည်ပင်သာယာရေးအဖွဲ့၏ အခွန်ကောက်မှုများ၊ အခွန်ဦးစီးဌာန မြို့နယ်ဦးစီးမှူး



ဦးရဲမင်းသူက အခွန်ကာက်ခံမှုဆိုင်ရာဥပဒေပုဒ်မများကို ပရိုဂျက်တာဖြင့်ပြသ၍ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကိုထက်(ပြန်/ဆက်)



## ကျောင်းကုန်းမြို့၌ ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

ကျောင်းကုန်း ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ဒါးကမြစ်အတွင်း ကျင်းပသည်။

အဆိုပါ ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်ဝင်း ဦးဆောင်၍ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက သဘာဝဘေးကြုံတွေ့ရသည့်သူအား ရှာဖွေကယ်ဆယ်ကာ ရှေးဦးပြုစုနည်းဖြင့် ကုသပေးပြီး အရေးပေါ်ယာဉ်ဖြင့် ဆေးရုံသို့ပို့ဆောင်ခြင်းတို့ကို သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်ရာ ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်များသည် ၁၀ နှစ်မှ ၁၅ နှစ်၊ ၁၆ နှစ်မှ၂၀ နှစ်၊ ၂၁ နှစ်မှ ၂၅ နှစ်ဟူ၍ အသက်အရွယ် အပိုင်းအခြား(၃)ခုခွဲခြား၍ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

( ခ ) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy (၂)စုံပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ myatthujack@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဦးမြတ်သူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၀၉-၅၁၆၁၁၂၇ နှင့် ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၃၁၈၅၁၂၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) Format JPG A3 (297 x 420 mm) with the correct aspect ratio၊
(၂) Resolution 300 dpi၊
(၃) File Size 15 Mb ထက်မပိုစေရ။ ၁၀ file ထက် မပိုရပါ၊
(၄) ပိုစတာရေးဆွဲရာတွင် tablet များ၊ stylus များ၊ ကွန်ပျူတာပရိုဂရမ်များ အသုံးပြု၍ ဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီးရမည်။

(ဂ) ပန်းချီနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ ပန်းချီ(မူရင်း)နှင့်အတူ Hard Copy (၂)စုံနှင့် Soft Copy CD (၁)ချပ် ပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါက်တာလဲ့လဲ့အောင်၊ ညွှန်ကြားရေးမှူး၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၉၄၁၁၂ နှင့် ဒေါ်နန်းရတနာထွန်း၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) File Submission Format JPG၊ A3 (297x420 mm) with correct aspect ratio၊
(၂) Resolution 300 dpi၊
(၃) File Size 15 Mb ထက်မပိုစေရ၊ ၁၀ file ထက် မပိုရပါ။
(၄) ပန်းချီရေးဆွဲရာတွင် Pencil၊ Felt-tip Pen၊ Crayons၊ Paints၊ Sketch Markers၊ Sepia၊ Sanguine၊ Charcoal၊ Ink၊ Capillary Pen စသည့်ကိရိယာများအသုံးပြု၍ ရေးဆွဲနိုင်သည်။ အီလက်ထရောနစ်ပစ္စည်းများအသုံးပြု၍ ရေးဆွဲခြင်းမပြုရ။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ Soft Copy (CD) ၂ ချပ်ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ ms.khinmoeou@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန၏ www.mrtv.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါ်ခင်မိုးဥ၊ ညွှန်ကြားရေးမှူး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၁၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၀၀၄၀၅၆၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) Format mp 4၊
(၂) Resolution 3840 x 2160 p ထက်မပိုစေရ၊
(၃) File Size 300 Mb ထက်မပိုစေရ၊
(၄) Duration 120 Seconds ထက်မပိုစေရ၊
(၅) Sound 16-bit, stereo၊ ၁၀ ဖိုင်ထက် မပိုရပါ။

၃။ ပြိုင်ပွဲဝင်လက်ရာများတွင် ပြိုင်ပွဲဝင်လက်ရာ၏ခေါင်းစဉ်၊ ရှင်းလင်းချက်စာသား (ပိုစတာများနှင့် ပန်းချီများအတွက်) သို့မဟုတ် တည်းဖြတ်ထားသော စာတန်းထိုးများ (ဗီဒီယိုများအတွက်)ကို ရုရှားဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြရန်နှင့် ပြိုင်ပွဲဝင်လက်ရာဖန်တီးသူ၏ Last name၊ First Name၊ အသက် (ဖန်တီးမှုအဖွဲ့လိုက်ဖြစ်ပါက တစ်ဦးချင်း၏ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်အလက်များ) နှင့် နိုင်ငံ စသည့်အချက်အလက်များ ပါဝင်ရမည်။

၄။ ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့အနက်မှ ပထမဆုရရှိသည့် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆုအပါအဝင် အကောင်းဆုံး ပိုစတာ၊ ပန်းချီ နှင့် ဗီဒီယို (၁၀)ခုစီကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုဆောင်ရွက်ချက်များအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံး၏ Website သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲဝင်များသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်ဆန့်ကျင်သောစာသားများ၊ ဓာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းခြင်းမပြုရ၊
(ခ) မူပိုင်ခွင့်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်၊
(ဂ) ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်၊
(ဃ) ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါအချက်များကို မှန်ကန်စွာ ဖြည့်စွက်ပေးပို့ရမည်၊
(င) ပြိုင်ပွဲဝင်ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့ကို Artificial Intelligence (AI) နည်းပညာအသုံးပြု၍ ယှဉ်ပြိုင်ခြင်းမပြုရ။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## ဘားအံမြို့၌ သံလွင်မြစ်ရေပြန်လည်ကျဆင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

ဘားအံ ဩဂုတ် ၄

ကရင်ပြည်နယ် ဘားအံမြို့တွင် ဇူလိုင်လနောက်ဆုံးပတ်မှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေချောင်းရေများ မြင့်တက်လာသည့်အတွက် သံလွင်မြစ်ရေသည် ဘားအံမြို့၏စိုးရိမ်ရေအမှတ် ၇၅၀ စင်တီမီတာအထက် ၉၃၅ စင်တီမီတာအထိ မြင့်တက်၍ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး ယခုအခါ ၈၃၄ စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းနေပြီဖြစ်သည့်အတွက် ရေကြီးနစ်မြုပ်ခဲ့သော ကမ်းနားလမ်းတစ်လျှောက်နှင့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ အများပြည်သူဆိုင်ရာနေရာများတွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးနှင့်တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့မိမြို့ဖ၊ ရပ်ကွက်နေပြည်သူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျောင်းသားမိဘနှင့် ဆရာ ဆရာမများ ပူးပေါင်း၍ ဘားအံမြို့ ကမ်းနားလမ်းရှူခင်းသာနှင့် ကမ်းနားလမ်းတစ်လျှောက်၊ အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တို့တွင် ယာဉ်၊ ယန္တရားများအသုံးပြု၍ ရေကြီးရေလျှံမှုဖြစ်ပွားပြီးချိန်၊ ရေများပြန်လည်ကျဆင်းချိန်တွင် တင်ကျန်ရစ်ခဲ့သည့်သဲနုန်းများ ဖယ်ရှားရှင်းလင်းခြင်း၊



မီးသတ်ပိုက်များဖြင့် ဆေးကြောသန့်စင်ခြင်း၊ ရေကြီးနစ်မြုပ်ခဲ့သည့် ရေတွင်းရေကန်များ စုပ်ထုတ်သန့်စင်ပေးခြင်း၊ ဆေးခတ်ခြင်း၊ ရေမြောင်းများရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ခြင်း စသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မိုးကောင်းမြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဩဂုတ် ၄

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# ဘုရားကြီးမြို့ စက်မှုလယ်ယာသင်တန်းကျောင်း၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အထူး)သင်တန်းဖွင့်ပွဲ ကျင်းပ

ပဲခူး သြဂုတ် ၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့နယ် ဘုရားကြီးမြို့ စက်မှုလယ်ယာသင်တန်းကျောင်း၌ ကျင်းပသည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အထူး) သင်တန်းအမှတ်စဉ် (၂/၂၀၂၅-၂၀၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက လယ်ယာကဏ္ဍတွင် လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာ တိုးတက်သုံးစွဲလာသည်နှင့်အမျှ လယ်ယာသုံးစက်ကိရိယာဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို စာတွေ့လက်တွေ့ပို့ချ သင်ကြားပေးခြင်းဖြင့် တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်သုံးစွဲလာနိုင်ပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာစေရန် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သင်တန်းသားများအနေဖြင့် မိမိတို့သင်ကြားရမည့် စာတွေ့၊ လက်တွေ့ အသိပညာဗဟုသုတများဖြင့် လယ်ယာထုတ်ကုန် တိုးတက်မြင့်မားရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားလေ့လာသင်ကြားသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘုရားကြီးမြို့ စက်မှုလယ်ယာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးထွန်းထိန်လင်းက စက်မှုလယ်ယာသင်တန်းကျောင်း (ဘုရားကြီး)၏ သမိုင်းကြောင်း၊ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ သင်တန်းဖွင့်လှစ်ပြီးစီးခဲ့မှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကာ သင်တန်းအတွင်း လက်တွေ့သင်ကြားပြသမည့် လယ်ယာသုံး စက်ကိရိယာများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အထူး) တောင်သူသင်တန်း အမှတ်စဉ် (၂/၂၀၂၅-၂၀၂၆) အား သြဂုတ် ၄ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး စုစုပေါင်း သင်တန်းသား ၄၅ ဦးတို့အား လက်သုံးကိရိယာ၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ထွန်ယက်ကိရိယာများ၏ အခြေခံသဘောတရားနှင့် ထွန်ယက်နည်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းအမှတ်စဉ်(၃)အား အောက်တိုဘာ ၁၀ ရက်နှင့် သင်တန်းအမှတ်စဉ်(၄)အား ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တို့တွင် ထပ်မံဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ကျုံပျော်မြို့နယ် ကျွန်းရွှေဝါ ဘဲမွေးမြူရေးလုပ်ငန်း ကွင်းဆင်းကြည့်ရှု

ကျုံပျော် သြဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနဦးစီးမှူး ဦးကျော်စိုးမင်းသည် ကျုံပျော်မြို့နယ် အင်းရဲကျွန်းကျေးရွာအုပ်စု ကျွန်းရွှေဝါ ဘဲမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို သြဂုတ် ၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဦးစွာ တိုင်းဒေသကြီးဦးစီးမှူးသည် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီမွန်နှင့်ဝန်ထမ်းများလိုက်ပါ၍ အင်းရဲကျွန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ကျွန်းရွှေဝါဘဲမွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသား ၃၉ ဦးတို့နှင့်တွေ့ဆုံ၍ ဘဲမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို တွေ့ဆုံဆွေးနွေးသည်။

ယင်းနောက် အသင်းသား ဒေါ်မြင့်စိန် မွေးမြူထားသော ဘဲခြံသို့ သွားရောက်ကာ ဘဲမွေးမြူထားရှိမှုအခြေအနေ၊ နေ့စဉ်အစာလိုအပ်ချက်နှင့် ဘဲဥထွက်ရှိနှုန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ညောင်လေးပင်မြို့၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

ညောင်လေးပင် သြဂုတ် ၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သြဂုတ် ၃ ရက် နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ညောင်လေးပင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များက တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်း တိုးတက်မြင့်မားစေရေးအတွက် ဆွေးနွေးပြောကြားကာ ခရိုင်/မြို့နယ်ပညာရေးမှူးများနှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ကျောင်းအုပ်၊ ဆရာ ဆရာမကြီးများက အားနည်းချက်အပေါ် ဆွေးနွေးတင်ပြကြသည်။



ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

# ပြင်ဦးလွင်မြို့နယ်၌ စပါးမျိုးစေ့ချကိရိယာဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ပြင်ဦးလွင် သြဂုတ် ၄

၂၀၂၅-၂၀၂၆ ခုနှစ် စပါးမျိုးစေ့ချကိရိယာဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ကွင်းအမှတ်(၇၀၁) ဦးပိုင်အမှတ် ( ၅၄/ ၃ )ရှိ တောင်သူ ဦးမြင့်အောင်၏ လယ်မြေ တစ်ကေ၌ ပြုလုပ်သည်။



အဆိုပါ စပါးမျိုးစေ့ချကိရိယာဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်စိုးဦးနှင့် စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထူးအောင်ကျော်တို့က မျိုးစေ့ချကိရိယာဖြင့် စပါးစိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အသေးစိတ်ရှင်းပြပြီး မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**တက်ရောက်**

အဆိုပါ မျိုးစေ့ချကိရိယာဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်း ၃၂ ဦး၊ တောင်သူ ၁၀၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည် ။

ခရိုင်(ပြန်/ဆက်)

# အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် သြဂုတ် ၄

ပြည်တွင်း အခွန်များဦးစီးဌာန အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၃)၏ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်များနှင့် ပတ်သက်၍ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ အဆိုပါအခွန်ရုံး(၃)၌ ကျင်းပရာ ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ဌာနမှူးက ရှင်းလင်းပြောကြားပြီး



ဒုတိယ ညွှန်ကြားရေးမှူးများနှင့် လက်ထောက် ညွှန်ကြားရေးမှူးတို့က ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် ရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် ကုမ္ပဏီ အခွန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ဇော်လတ်)**

# မြစ်ကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် သြဂုတ် ၄

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



နေပြည်တော် ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နမ့်စန်မြို့နယ်၌ သမဝါယမအသင်းစုလီမိတက် အရပ်ရပ်ဆိုင်ရာ စည်းဝေး

နမ့်စန်(တ) ဩဂုတ် ၄

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် သဘာပတိ မြို့နယ်သမဝါယမအသင်းစု အုပ်ချုပ်မှုဒါရိုက်တာ ဦးအလက်ဇန္ဒားက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုက အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အမှုဆောင်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားတင်ပြခဲ့ကာ အသင်းသားများ၏ အတည်ပြုချက်ရယူခဲ့ကြသည်။

ထို့နောက် သမဝါယမအသင်းစုမှ တာဝန်ရှိသူများက အခြေခံသမဝါယမအသင်း ၂၈ သင်းမှ အသင်းဝင်များအတွက် အစုပေါ်အမြတ်ငွေ စုစုပေါင်းငွေကျပ် ၂၀၃၁၈၉၅ ကို စနစ်တကျ ခွဲဝေထုတ်ပေးခဲ့သည်။

အခမ်းအနားအပြီးတွင် မြို့နယ်သမဝါယမအသင်းစု လီမိတက်၏ အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ပွဲကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သူရအောင်(နမ့်စန်)

# ဟင်္သာတတက္ကသိုလ်ကြက်ခြေနီအသင်းခွဲ၏ အခြေခံရှေးဦးပြုစုခြင်း သင်တန်းဆင်းပွဲကျင်းပ

ဟင်္သာတ ဩဂုတ် ၄

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့နယ်ရှိ ဟင်္သာတတက္ကသိုလ် ပင်မလေးထပ်ဆောင် ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ဟင်္သာတတက္ကသိုလ် ကြက်ခြေနီအသင်းခွဲ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံရှေးဦးပြုစုခြင်း သင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပသည်။



အခမ်းအနားတွင် ဟင်္သာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက သင်တန်းဆင်း အမှာစကား ပြောကြားပြီး ဟင်္သာတတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာခိုင်ခိုင်စန်းက ကျေးဇူးတင်ဝမ်းမြောက်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဟင်္သာတမြို့နယ် ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက သင်တန်းဖွင့်လှစ် သင်ကြားခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြကာ ကျောင်းသားကျောင်းသူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် ခေတ္တပါမောက္ခချုပ် ဒေါက်တာခိုင်ခိုင်စန်းက သင်တန်းတွင် သင်ကြားပေးခဲ့ကြသော ဟင်္သာတမြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် နည်းပြများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခြင်း၊ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းတွင် ဆုရရှိသောသူများအား ဟင်္သာတခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက ဆုများပေးအပ်ခဲ့ပြီး တာဝန်ရှိသူများက အခြေခံရှေးဦးပြုစုခြင်းသင်တန်း တက်ရောက်ခဲ့သော သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ထားဝယ်ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



ထားဝယ် ဩဂုတ် ၄

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်း အမှတ်စဉ် (၂/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဘုန်းမြတ်သူက မြန်မာနိုင်ငံအတွင်း ဖြစ်ပွားကြုံတွေ့လေ့ရှိသော မီးဘေးအပါအဝင် အခြားသော ဘေးအန္တရာယ်များအကြောင်း၊ မီးသတ်တပ်ဖွဲ့၏ အခန်းကဏ္ဍ၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းအမျိုးမျိုးအနက်မှ မြို့ပြရှာဖွေ ကယ်ဆယ်ရေး ဘာသာရပ်ဖြစ်သည့် အခြေခံကြိုးချည်နည်းများ၊ လျှောင်ကြောင့် ပြိုကျပျက်စီးနေသော အစိတ်အပိုင်းများအောက်တွင် ပိမိ/ညပ်မိသူများအား ကယ်ဆယ်ရာတွင် အသုံးပြုသည့် နည်းစနစ်များ၊ Air Lifting Bag အသုံးပြုခြင်း နည်းစနစ်များ၊ ယိုင်နဲပြိုကျနိုင်သောအဆောက်အအုံကို ထပ်မံပြိုကျမှုမရှိအောင် ဆောင်ရွက်ရမည့် ဒေါက်ထောက်ခြင်း/ ကျားကန်ခြင်းများ၊ ပြိုကျအဆောက်အအုံ အစိတ်အပိုင်းများအောက်တွင် ပိတ်မိနေသူများကို ကယ်ဆယ်ရာတွင် အသုံးပြုရမည့် ထွင်းဖောက် ဖြတ်တောက်ခြင်းနည်းစနစ်များ၊ ရေတွင်း အသက်ကယ်နည်းစနစ်များ၊ အရေးပေါ်ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦး သူနာပြုစုနည်းများဖြစ်သော ဇီဝကမ္မဗေဒ၊ ခန္ဓာဗေဒ ဘာသာရပ်များစသည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြများဖြင့် စနစ်တကျထိရောက်စွာ သင်တန်းတွင် လေ့ကျင့်သင်ကြားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းတွင် သင်တန်းသား ၅၀ အား ဩဂုတ် ၁၅ ရက်အထိ သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# ဂါဇာဒေသတွင် တိုက်ခိုက်မှုများထပ်မံဆောင်ရွက်မည်ဟု နေတန်ယာဟုပြောကြား



**ဂျေရုဆလင် ဩဂုတ် ၄**

ဟားမတ်စ်အဖွဲ့သည် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန် ရည်ရွယ်ချက်မရှိသည့်အတွက် အစ္စရေးတပ်ဖွဲ့က ဂါဇာဒေသတွင် တိုက်ခိုက်မှုများ ထပ်မံဆောင်ရွက်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့သည်။

ဟားမတ်စ်အဖွဲ့၏ ဩဂုတ် ၄ ရက်တွင် ထုတ်ပြန်သည့် ရုပ်မြင်သံကြားဖိုင်တစ်ခုတွင် ပိန်လှီနေသည့် ဓားစာခံအမျိုးသားနှစ်ဦးကို ပြသခဲ့ပြီး တိုက်ခိုက်မှုများဆောင်ရွက်ခဲ့သည့် အစ္စရေးအစိုးရကြောင့် ၎င်းတို့ကို အစာရေစာ မကျွေးဘဲထားခြင်းဖြစ်သည်ဟု စာတန်းထိုးပြသခဲ့သည်။

ဂါဇာဒေသခံများ အစာရေစာပြတ်လပ်သေဆုံးမှုများ များပြားလာသဖြင့် ဒေသတွင်းသို့ စားရေရိက္ခာများဝင်ခွင့်ပေးရေးအတွက် ဟားမတ်စ်က အစ္စရေးအား ဖိအားပေးခြင်းများဆောင်ရွက်ခဲ့သည်။

ဂါဇာဒေသရှိ လူသားချင်းစာနာထောက်ထားမှု လမ်းကြောင်းများကို ပြန်လည်ဖွင့်လှစ်ပေးပါက ကြက်ခြေနီအသင်းနှင့် စားရေရိက္ခာဖြန့်ဖြူးရေး ပူးပေါင်းဆောင်ရွက်မည်ဟု ဟားမတ်စ်အဖွဲ့က ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

# ရာထူးတာဝန်မှ ဆိုင်းငံ့ခြင်းခံရသည့် ပေတုန်တန်ရှင်နာဝပ်ထရာ အယူခံလွှာတင်သွင်း



**ဗန်ကောက် ဩဂုတ် ၄**

ကျင့်ဝတ်ဖောက်ဖျက်မှုဖြင့် ထိုင်းဝန်ကြီးချုပ် ရာထူးတာဝန်မှ ဆိုင်းငံ့ခြင်းခံရသည့် ပေတုန်တန်ရှင်နာဝပ်ထရာသည် ၎င်း၏အယူခံလွှာကို အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ဩဂုတ် ၄ ရက်တွင် တင်သွင်းခဲ့ကြောင်း ဝန်ကြီးချုပ်၏ အတွင်းရေးမှူးချုပ် ပရောမင်လတ်ဆူရီဒတ်က ပြောကြားသည်။

အယူခံလွှာတွင် ဖြည့်သွင်းရမည့် အချက်အလက်များကို ဖြည့်သွင်းပြီးနောက် ပေတုန်တန်၏ကိုယ်စားလှယ်များသည် ၎င်းအယူခံလွှာကို အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းခဲ့ကြောင်း ၎င်းက မှတ်ချက်ပြု ပြောကြားသည်။ ပေတုန်တန်အနေဖြင့် အခြေခံဥပဒေဆိုင်ရာခုံရုံးမှ အမိန့်ချမှတ်ခြင်းမပြုမီတွင် ရာထူးတာဝန်မှ နုတ်ထွက်ခဲ့ကြောင်း ကောလာဟလသတင်းများနှင့်ပတ်သက်၍ ၎င်းအချက်သည် မှန်ကန်မှုမရှိကြောင်းနှင့် ပေတုန်တန်အနေဖြင့် ဆောင်ရွက်ချက်များကို တရားဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သက်သေပြနိုင်ရန် ဥပဒေအရ ဆောင်ရွက်နေသည်ဟု ၎င်းကပြောကြားသည်။

အယူခံလွှာတင်သွင်းရန် ရက်သတ်မှတ်ချက်ကို နှစ်ကြိမ်တိုင်တိုင် ရွှေ့ဆိုင်းခဲ့ပြီးနောက် ဩဂုတ် ၄ ရက်တွင် နောက်ဆုံးတင်သွင်းရန် အခြေခံဥပဒေဆိုင်ရာခုံရုံးကသတ်မှတ်ခဲ့သည်။ နယ်စပ်ဒေသအရေး ဖုန်းဖြင့်ဆွေးနွေးမှု ပေါက်ကြားခဲ့ပြီးနောက် ဇူလိုင် ၁ ရက်တွင် ပေတုန်တန်အား ဝန်ကြီးချုပ်ရာထူးတာဝန်မှ ဆိုင်းငံ့ခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဂါဇာဒေသအရေးနိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်ရန် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ပန်ကြား

**ကွာလာလမ်ပူ ဩဂုတ် ၄**

ဂါဇာဒေသတွင် အစ္စရေးကတိုက်ခိုက်မှုများဆောင်ရွက်နေခြင်းကို ရှုတ်ချကြောင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ယင်းတိုက်ခိုက်မှုများကြောင့်ဖြစ်လာသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ဆိုးရွားလာခြင်းကို ရပ်တန့်ပေးရေး ပူးပေါင်းဆောင်ရွက်ရန် မလေးရှားနိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဟာဆန်က ပန်ကြားခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အစ္စရေး၏ပိတ်ဆို့ထားမှုကြောင့် ဂါဇာဒေသ၌ အစားအသောက်၊ ရေ၊ ဆေးဝါးနှင့် လောင်စာများ လျော့နည်းလာကြောင်း ၎င်းကပြောကြားသည်။

ပြီးခဲ့သည့်လများအတွင်းကလည်း ဂါဇာဒေသတွင် အငတ်ဘေးဆိုက်ရောက်ခဲ့ရာ၌ ကလေးများအပါအဝင် ဒေသခံထောင်ပေါင်းများစွာ ထိခိုက်ခံစားခဲ့ရကြောင်း မလေးရှားတာဝန်ရှိသူကပြောကြားခဲ့သည်။ အစ္စရေးအနေဖြင့် တိုက်ခိုက်မှုများကိုရပ်တန့်ရန်နှင့် ဒေသတွင်းသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပြန်လည်ဝင်ရောက်ခွင့်ပြုရန် ၎င်းကပန်ကြားခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ်များအတွင်း ဂါဇာဒေသတွင် ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့မှုကို ဒေသခံများခံစားခဲ့ရကြောင်း သိရသည်။

**ကိုးကား – ခမာတိုင်းစ်၊ ဘာသာပြန် – စိုးသူရ**

# အင်ဒိုနီးရှားတွင် အခမဲ့ဆေးကုသရေးစနစ်ဆောင်ရွက် ဒေသခံ ၁၆ သန်းအား ကုသမှုပေး

**ဂျကာတာ ဩဂုတ် ၄**

အင်ဒိုနီးရှားနိုင်ငံတွင် ဆောင်ရွက်နေသည့် အခမဲ့ဆေးကုသရေးစနစ်သည် စတင်ဆောင်ရွက်သည့်အချိန်မှ လက်ရှိအချိန်အထိ ဒေသခံ ၁၆ သန်းကို ကုသပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး ဂူနာဆာဒီကန်က ဩဂုတ် ၄ ရက်တွင် ပြောကြားသည်။

လူနာ ၁၆ သန်းအနက် ကလေး ၂၅၀၀၀၀ ပါဝင်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

**မိုဘိုင်းဖုန်းသုံးစွဲမှုလျှော့ချရေး ဆောင်ရွက်ရမည်**

လာရောက်ပြသသူများတွင် သွားရောဂါနှင့် အမြင်အာရုံဆိုင်ရာရောဂါများ ပြသမှုများပြားနေသောကြောင့် အမြင်အာရုံထိခိုက်မှုကာကွယ်ရေးအတွက် မိုဘိုင်းဖုန်းသုံးစွဲမှုလျှော့ချရေး ဆောင်ရွက်ရမည်ဟု ၎င်းက ပြောကြားသည်။

ဒေသခံ ၅၈ ဒသမ ၂ သန်းကို ယခုအစီအစဉ်တွင် ပါဝင်ကုသနိုင်ရေးအတွက် အစိုးရကဆောင်ရွက်နေကြောင်း သမ္မတရုံးတာဝန်ရှိသူ အေအန်ပူထရန်က ပြောကြားသည်။

နိုင်ငံသားများအား ယခုဆေးကုသရေးအစီအစဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆောင်ရွက်မည်ဟု ၎င်းကပြောကြားသည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



# အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းရန် ထိုင်းနှင့် ကမ္ဘောဒီးယားဆွေးနွေး

**ကွာလာလမ်ပူ ဩဂုတ် ၄**

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ရရှိခဲ့သည့် အပစ်အခတ်ရပ်စဲရေးအတွက် စောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းရေးနှင့်ပတ်သက်၍ နှစ်ဖက်တာဝန်ရှိသူများအကြား စတင်ဆွေးနွေးနေကြောင်း အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

၎င်းဆွေးနွေးပွဲကို ယခုနှစ် အာဆီယံအလှည့်ကျသဘာပတိဖြစ်သည့် မလေးရှားနိုင်ငံ၌ ဩဂုတ် ၄ ရက်တွင် စတင်ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် တာဝန်ရှိသူများက အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများနှင့် အပစ်အခတ်ရပ်စဲရေးဖြစ်မြောက်ရန် ဆောင်ရွက်ကြသည့် တတိယအဖွဲ့အစည်းများက အဖွဲ့ဝင်များပါဝင်သည့် အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်ရေးအဖွဲ့ကို ဖွဲ့စည်းရန်ဆွေးနွေးခဲ့ကြသည်။

ထိုင်းတပ်ဖွဲ့က ထိန်းသိမ်းထားသည့် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင် ၁၈ ဦးကို ပြန်လည်လွှတ်ပေးရေး တောင်းဆိုခဲ့ရာတွင် ပြီးပြည့်စုံသည့်အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်ပြီးမှသာ ၎င်းတို့ကို နေရပ်သို့ပြန်လည်ပို့ဆောင်ပေးမည်ဟု ထိုင်းဘက်မှ ပြန်ကြားခဲ့သည်။ ဆွေးနွေးပွဲ၏နောက်ဆုံးနေ့တွင် ကာကွယ်ရေးဝန်ကြီးများအဆင့် ဆွေးနွေးပွဲကိုကျင်းပမည်ဖြစ်ရာ တရုတ်နှင့် အမေရိကန်နိုင်ငံများက ကာကွယ်ရေးဝန်ကြီးများလည်း တက်ရောက်ဖွယ်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ**

# ဗြိတိန်နိုင်ငံတွင် ဖလောရင့်စ်မုန်တိုင်းဝင်ရောက်



**လန်ဒန် ဩဂုတ် ၄**

ဗြိတိန်နိုင်ငံမြောက်ပိုင်းတွင် ဩဂုတ် ၄ ရက်က ဖလောရင့်စ်မုန်တိုင်းဝင်ရောက်မှုကြောင့် ဒေသခံများထိခိုက်ခံစားခဲ့ရကြောင်း သိရသည်။

မုန်တိုင်းဆိုင်ရာ ဒုတိယအမြင့်ဆုံးသတိပေးချက်အား စကော့တလန်ဒေသရှိ နေရာအများအပြားတွင် ထုတ်ပြန်ခဲ့ရပြီး ဝေလနယ်မြောက်ပိုင်း၊ အင်္ဂလန်မြောက်ပိုင်းနှင့် အိုင်ယာလန်မြောက်ပိုင်းတို့တွင် အဝါရောင်သတိပေးချက်များ ထုတ်ပြန်ခဲ့ရသည်။

နိုင်ငံအတွင်း ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ရပ်နားခဲ့ရပြီး အီဒင်ဗတ်လေဆိပ်ရှိ လေကြောင်းခရီးစဉ်များကို ဖျက်သိမ်းခဲ့ရကာ ရထားခရီးစဉ်များကိုလည်း ရပ်နားခဲ့ရသည်။ စကော့တလန်ဒေသတွင် တစ်နာရီလျှင် လေတိုက်နှုန်း မိုင် ၈၀ အထိ ရှိခဲ့သည်။

နိုင်ငံသားများအနေဖြင့် ခရီးထွက်မည်ဆိုပါက သတိပြု၍သွားလာကြရန် တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ဒေသခံများအား နေအိမ်အတွင်းနေထိုင်ကြရန်နှင့် မိုးလေဝသသတင်းများကို ကြည့်ရှုကြရေးအတွက် တာဝန်ရှိသူများက မှတ်ချက်ပြုခဲ့သည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သိမ်းဆည်းရမိမှု။

**နေပြည်တော် ဩဂုတ် ၄**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ MAI Airlines လေယာဉ်ခရီးစဉ်အမှတ် 8M–363 /SF – 7251 ဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် တရုတ်နိုင်ငံသား ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၃ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုင်းပွန်တံတား ပူးပေါင်းလုံခြုံရေးဂိတ်၌ ယာဉ်လေးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး၊ လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၃၃၇၄၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Faw Van Box Truck တစ်စီး၊ Toyota Probox တစ်စီး၊ Scania Bus နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၇၃၃၇၄၈၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် Toyo Battery အလုံး ၁၂၀ အပါအဝင် ဆက်စပ်ပစ္စည်း ၃၆ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၂၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၃ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် သုံးစီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၂၃ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၇၅၈၇၄၈၀) ဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"ဆင်ခြင်တုံတရားမရှိသည့် NUG၊ PDF အကြမ်းဖက်သမားများ၏ ဥပဒေမဲ့လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတစ်ခုရဲ့ လူသားအရင်းအမြစ်ဆိုတာကို နားမလည်ဘဲ ဆရာ ဆရာမတွေကို အဓိကထား ခြိမ်းခြောက်သတ်ဖြတ်နေတဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အုတ်တွင်းမြို့နယ်၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



**အုတ်တွင်း ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ဥပဒေရုံးနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအား ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း (အုတ်တွင်း) ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ဥပဒေအရာရှိ ဦးဇော်မိုးဌေးက ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး အကြောင်းအရာများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ တရုတ်နိုင်ငံပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာနနှင့် ကမ္ဘောဒီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနတို့က ပေးပို့သည့် ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဗီဒီယိုမှတ်တမ်းနှစ်ခုကို ပြသရှင်းလင်းဆွေးနွေးပေးသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် ဒုတိယမြို့နယ် ဥပဒေအရာရှိ ဒေါ်ရွှေရည်ထက်နှင့် ဒေါ်သက်ထားဇင်တို့က လူမှုကွန်ရက်များဖြစ်သော Viber Telegram တို့ရှိ Group များသို့ အသုံးပြုနည်းများ မျှဝေခြင်းနှင့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ၊ ဆက်သွယ်ရေးဥပဒေများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲသို့ မြို့နယ်ဥပဒေအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူးနှင့် ဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း မြို့နယ်ဥပဒေရုံးမှ သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၈-၂၀၂၅ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တာသုတ်၊ ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ လေ့လာစရာစုံလင် အိမ်မြန်ပြည်တစ်ခွင် **'ရောက်ခဲ့လေသမျှ သူ့ဒေသ သူ့အလှ'**
- ၀၉:၁၀ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၃၅ ဂွက်ဂွက်ဆီက အုန်းလက်မှုအနုပညာ
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'မုသားနောက်ကွယ်'** (အပိုင်း-၂၄)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဇာတ်လမ်းတွဲ **'အငှတန်ဖိုး'** (အပိုင်း-၃)
- ၁၄:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'တော်ဝင်စားပွဲ'** (အပိုင်း-၁၃)
- ၁၆:၃၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၁၀ ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး
- ၁၇:၂၅ အမှတ်တရနေရာများ တရုတ်ပြည် လေ့လာရေးခရီးစဉ်(ပေကျင်းမြို့)
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'တော်ဝင်စားပွဲ'** (အပိုင်း-၁၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'မုန်တိုင်းတစ်ခုရဲ့နိဂုံး'** (အပိုင်း-၁၃)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
- 07:10 Ananda Temple
- 07:50 Kindhearted Pet Lovers
- 08:26 Topics Potpourri; City of Roses; Blossoming Beauty Faces Climate Uncertainty
- 08:32 Healthy Diet: Balanced Diet
- 08:38 Geographic Center of Myanmar
- 09:01 Taung Byone Nat Festival (Ep-2)
- 09:36 Karunar Kabar Home for the Aged (Nay Pyi Taw)
- 10:26 Lifestyle & Entertainment

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက(ကရင်)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ မြန်မာဇာတ်လမ်းတွဲ **'လက်ဆောင်'** (အပိုင်း-၉)
- ၀၇:၅၅ စတီရီယိုတေးများ
- ၀၈:၁၅ K POP Music Gallery (28)
- ၀၈:၃၅ ဟိုတုန်းကရေဒီယိုဇာတ်လမ်းများ **'အိပ်ကြီးဟယာဝက်ပါ'**
- ၀၉:၃၅ ကာတွန်း **'ဖိုးကောင်ကြီးဥယျာဉ်စွန့်စားခန်း'** (အပိုင်း-၁၇)
- ၁၀:၁၅ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) **'တောင်ကြီးက ခက်ခက်ဟ'**

### MRTV NRC

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ပဲခူးအနောက်ဘက်ဒေသ၏ကရင်ရိုးရာ ရက်ကန်းရက်လုပ်ခြင်း

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရောဝတီရဲ့အရှိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီ(အပိုင်း-၅)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ရိုးရာအိမ်ချက်ဟင်းတစ်ခွက်

**ချင်း(လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
သင်မယ်၊ရေးမယ်တွံ့ချွင်းစာ(အပိုင်း-၁၆)

**ချင်း(ခြိုး) (၁၀:၀၀ မှ ၁၁:၀၀)**
မော်ဆန်တဲ့အလှတရားရှိရာ ငှက်ကျွန်း

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
စိမ်းလန်းစိုပြေသံဖြူဇရပ်မြေ

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ထင်းရှူးတန်းကရှိုက်ခံ့ပန်း(အပိုင်း-၂) (ဇာတ်လမ်း)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
တန့်ယန်းမြို့အလှ

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ရဝမ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်တော့ဘေ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၄၅ Save Our Planet Program
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၈:၁၅ လှပကောင်းမွန်သော နယ်စပ်ခရီး(အပိုင်း-၆)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **'ထိုင်းနိုင်ငံ'**
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ပြည်သူ့ဝန်ထမ်း'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **'ဗီယက်နမ်နိုင်ငံ'**
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'အင်ဒိုနီးရှားနိုင်ငံ'**
- ၁၁:၃၀ ရွှေသို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၈၁)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ စားသုံးသူလုံခြုံရေးပဲခူးတိုင်းဒေသကြီး သဘာဝယမအသင်းများမှ နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်ပေး
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၁၅ Modern Agriculture Machines That Are At Another Level 4
- ၁၉:၀၀ Day in the Life of a Small Farm-2
- ၂၀:၀၀ ၃(ဇာတ်လမ်း)
- ၂၂:၀၀ AHaunted Mansion (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၂၅ The Sports Editor's Top Picks of this Week
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ Black.Ice

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့် တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia- EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှစတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း စခန်း ၂၉ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၉ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေ အတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ-၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ် သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း မိုးရေနမူနာတိုင်းတာ ရရှိခဲ့သည့်စခန်း ၂၉ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ် ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ပုံ (၂)၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၈ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၇ |
| ၃ | တောင်ကြီး | ၆.၇ |
| ၄ | မိုင်းဆတ် | ၆.၅ |
| ၅ | ကျိုင်းတုံ | ၆.၆ |
| ၆ | စစ်ကိုင်း | ၆.၅ |
| ၇ | ဟားခါး | ၆.၉ |
| ၈ | ညောင်ဦး | ၆.၈ |
| ၉ | မုံရွာ | ၇.၁ |
| ၁၀ | ပျဉ်းမနား | ၆.၉ |
| ၁၁ | ပြင်ဦးလွင် | ၆.၇ |
| ၁၂ | ကလေးဝ | ၆.၅ |
| ၁၃ | ရန်ကုန် (ကမ္ဘာအေး) | ၆.၇ |
| ၁၄ | မော်ဘီ | ၆.၉ |
| ၁၅ | မကွေး | ၆.၇ |
| ၁၆ | အောင်လံ | ၇.၁ |
| ၁၇ | စစ်တွေ | ၆.၉ |
| ၁၈ | ပြည် | ၆.၅ |
| ၁၉ | ပဲခူး | ၇.၁ |
| ၂၀ | တောင်ငူ | ၆.၉ |
| ၂၁ | ပုသိမ် | ၆.၉ |
| ၂၂ | မအူပင် | ၆.၉ |
| ၂၃ | ဟင်္သာတ | ၆.၇ |
| ၂၄ | မော်လမြိုင် | ၇.၀ |
| ၂၅ | ဘီးလင်း | ၆.၈ |
| ၂၆ | ဘားအံ | ၇.၀ |
| ၂၇ | ထားဝယ် | ၇.၀ |
| ၂၈ | မြိတ် | ၆.၈ |
| ၂၉ | ကော့သောင်း | ၆.၇ |

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်း အမှတ်စဉ် (၁၃၄) သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၄




အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၃၄)၏သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပါမောက္ခချုပ်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် နိုင်ငံ့တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအား အမျိုးသားရေးအမြင်ရရှိရေးနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်၊ သက်ဆိုင်ရာ ပညာရပ်များကို အခြေခံအားဖြင့် နားလည်သဘောပေါက် စေပြီး စည်းကမ်းနှင့် ကိုယ်ကျင့်သိက္ခာကို စောင့်သိ ထိန်းသိမ်းတတ်သော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းတက်ရောက်ရသည့် အခွင့်အရေးကို အလေးအနက်တန်ဖိုးထားပြီး တာဝန်ကျေပွန်စွာဖြင့် စိတ်ရောကိုယ်ပါ ကြိုးစားလေ့ကျင့်သွားရန် လိုကြောင်း မှာကြားသည်။

အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၃၄)သို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၁၉ ဦး၊ သင်တန်းသူ ၁၅၂ ဦး စုစုပေါင်း ၂၇၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၄ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ ကျောဖုံးမှ

လက်ရှိတွင် ဦးစီးဌာန၏ ပြည်သူ့စာကြည့်တိုက် ၄၀၀ ကျော်အနက် စာကြည့်တိုက်ပေါင်း ၁၅၈ တိုက်တွင် DLMS စနစ်ကိုအသုံးပြု၍ ပြည်သူများအား စာကြည့်တိုက်ဝန်ဆောင်မှုပေးလျက်ရှိပြီး ပြည်သူ့စာကြည့်တိုက်များအားလုံးတွင် DLMS စနစ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်သူ့စာကြည့်တိုက်များတွင် လစဉ် သုတ/ရသ စာအုပ်များ၊ အပျော်ဖတ်ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် နေ့စဉ်ထုတ်သတင်းစာများ ဝယ်ယူဖြည့်ဆည်းထားရှိပြီး ပြည်သူများ အခမဲ့ဖတ်ရှုနိုင်သည်။

ထို့အတူ ကလေးများ ငယ်စဉ်ကတည်းက စာပေနှင့် နီးစပ်ထိတွေ့မှုရှိစေရန်အတွက် ကလေးစာဖတ်ခန်းများ ဖွင့်လှစ်ပေးခြင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ စသည့်လှုပ်ရှားမှုများ ဆောင်ရွက်ပေးခြင်း၊ ကျောင်းသား ကျောင်းသူများနှင့် သုတေသနပြုသူများအတွက် အထောက်အကူဖြစ်စေရန် ရည်ညွှန်းစာဖတ်ခန်းဖွင့်လှစ်ပေးခြင်း၊ အတည်ပြုပြဋ္ဌာန်းပြီးသော ဥပဒေများနှင့် ထုတ်ပြန်ပြီး နည်းဥပဒေများအား ပြည်သူများ လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်ရေး သီးခြားထားရှိပေးခြင်း၊ ပြည်သူ့စာကြည့်တိုက်များတွင် ပြည်သူများ သတင်းအချက်အလက်များ လေ့လာနိုင်ရန်အတွက် Wifi အခမဲ့အသုံးပြုနိုင်ရန် စီစဉ်ထားရှိပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ ပုထိုး၊ စေတီ၊ သာသနိကအဆောက်အအုံများနှင့် ရုံးဌာနအဆောက်အအုံများ ပြန်လည်တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

မုံရွာ ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်မြတ်ကြီး အာရုံခံတန်ဆောင်းများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံဆောင်ရွက်နေမှု၊ ပြိုကျပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းဖယ်ရှားနေမှုနှင့် မေတ္တာရေကန်ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး အာရုံခံတန်ဆောင်းများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံဆောင်ရွက်နေမှု၊ ပုညရှင်သာသနဗိမာန်တော်ကြီး ပြန်လည်ပြုပြင်နေမှုနှင့် တပ်မတော်သားများက ပြိုကျပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် စစ်ကိုင်းမြို့ပေါ်ရှိ မဟာစေတီလှ စေတီတော်မြတ်ကြီး အသစ်ပြန်လည်တည်ထားနေမှုနှင့် မရှိခဏ စေတီတော်မြတ်ကြီးများ ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်နေမှု၊ စေတီတော်မြတ်ကြီးရှိ ရေဂါလန် ၆၀၀၀၀ ဆံ့ အာရ်စီ ရေကန် ပြန်လည်တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ဧရာဝတီမြစ်ကမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်စေရေး ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာအဆောက်အအုံများ ပြင်ဆင်နေမှုနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ခရိုင်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ ပြန်လည်တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဘုတလင်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းဆိုင်ရာသင်တန်းဖွင့်

မုံရွာ ဩဂုတ် ၄

စစ်ကိုင်းတိုင်း ဒေသကြီး ဘုတလင်မြို့နယ်တွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ရုံးဝင်းအတွင်းရှိ မြသလ္လာခန်းမ၌ ပြုလုပ်သည်။



ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက နိုင်ငံတော်အနေဖြင့် လွတ်လပ်၍ တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲတစ်ရပ် ဖော်ဆောင်ပေးနိုင်ရေးအတွက် အဘက်ဘက်က အထူးအလေးထား ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ သင်တန်းသား သင်တန်းသူများ အနေဖြင့် မဲပေးစက်နှင့် စပ်လျဉ်း၍ သေချာစွာလိုက်နာမှတ်သားပြီး သိရှိတတ်ကျွမ်းကာ ရွေးကောက်ပွဲကာလတွင် အဆိုပါမဲပေးစက်များကို လက်တွေ့အသုံးပြုရာ၌ အခက်အခဲမရှိ အမှားအယွင်းကင်းစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးမြင့်စိုးဦးက ဘုတလင်မြို့နယ်တွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်းဆိုင်ရာ သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၀၀ | ၂၉၉၅ | ၂၉၆၀ | ၂၈၉၅ | ၃၀၀၀ | ၃၀၁၅ | ၃၀၃၅ | ၂၉၅၀ | ၄၅၀၅ | ၃၂၄၅ | ၂၉၇၀ | ၂၉၇၀ | ၃၀၄၀ | ၃၀၀၅ | ၃၀၂၅ | ၃၂၈၅ |
| 95 Ron | ၂၉၃၅ | ၃၀၅၀ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၉၀ | ၃၀၁၀ | ၄၅၆၀ | ၃၃၀၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၅ | ၃၃၄၀ |
| HSD (500 ppm) | ၂၇၁၅ | ၂၈၂၅ | ၂၇၉၅ | ၂၇၂၅ | ၂၈၃၅ | ၂၈၅၀ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၇၅ | ၂၈၀၀ | ၂၈၀၅ | ၂၈၇၀ | ၂၈၃၅ | ၂၈၆၀ | ၃၁၁၅ |
| HSD (50 ppm) | ၃၃၆၀ | ၃၄၇၅ | ၃၄၄၀ | ၃၃၇၅ | ၃၄၈၀ | ၃၄၉၅ | ၃၅၁၀ | ၃၄၃၀ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၀ | ၃၅၂၀ | ၃၄၈၅ | ၃၅၀၅ | ၃၇၆၅ |
| HSD (10 ppm) | ၃၃၆၀ | ၃၄၇၅ | ၃၄၄၀ | ၃၃၇၅ | ၃၄၈၀ | ၃၄၉၅ | ၃၅၁၀ | ၃၄၃၀ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၀ | ၃၅၂၀ | ၃၄၈၅ | ၃၅၀၅ | ၃၇၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၀၅ | ၂၈၀၃ |
| 95 Ron | ၂၇၆၉ | ၂၈၅၈ |
| HSD (500 ppm) | ၂၅၅၂ | ၂၆၃၃ |
| HSD (50 ppm) | ၃၀၇၉ | ၃၂၇၂ |
| HSD (10 ppm) | ၃၀၇၉ | ၃၂၇၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# ငပုတောမြို့၌ ပမ္မဝတီငွေစုငွေချေးအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

ငပုတော ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပမ္မဝတီငွေစုငွေချေးအသင်း၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင်လနောက်ဆုံးပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဖတ်ကြားရှင်းလင်း**

အခမ်းအနားတွင် ပမ္မဝတီငွေစုငွေချေးအသင်းနာယက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဦးက အမှာစကားပြောကြားပြီး ပမ္မဝတီငွေစုငွေချေး သမဝါယမအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြတ်ဟိန်းထွန်းက နှစ်ချုပ်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အသင်း၏လုပ်ငန်းဆိုင်ရာဆွေးနွေးမှုများကို ဆွေးနွေးကြပြီး ပမ္မဝတီငွေစုငွေချေးအသင်းနာယက ဦးအောင်ဆန်းဦးက တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား)သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် (အမျိုးသမီး)သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ပထမရွှေတံဆိပ်ဆု ဆွတ်ခူးရရှိ

**နေပြည်တော် ဩဂုတ် ၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးသည်။



**အနိုင်ရရှိ**

(အမျိုးသား)သုံးယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲ ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ (အမျိုးသမီး)သုံးယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲ ပွဲစဉ်တွင် မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဆက်လက်၍ ဗိုလ်လုပွဲပြိုင်ပွဲများအပြီးတွင် (အမျိုးသား/အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားရာ (အမျိုးသား)လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကိုနှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိသည်။

(အမျိုးသမီး)လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ တို့ဖြင့် အနိုင်ရရှိသည်။

**ကျင်းပသွားမည်**

ယနေ့နံနက် ၉ နာရီမှစတင်၍ (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည် ပြိုင်ပွဲများအဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကယားပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မကွေးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကြပြီး အုပ်စုပတ်လည်ပွဲစဉ်များအပြီးတွင် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲများကို ဩဂုတ် ၇ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## Burmese Golf Amateur Open Championship
## ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ပထမနေ့ပွဲစဉ်များ စတင်ကျင်းပ



မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး ဂေါက်သီးရိုက်၍ ပြိုင်ပွဲအားဖွင့်လှစ်ပေးစဉ်။

**ရန်ကုန် ဩဂုတ် ၄**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Burmese Golf(BG)၏ အဓိက ကူညီပံ့ပိုးမှုဖြင့် ကျင်းပသော Burmese Golf Amateur Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ပြုလုပ်ရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် ရန်ကုန်ဂေါက်ကွင်းတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်သည်။

ဖွင့်ပွဲတွင်မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်ရွှေ၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမြင့်ဦးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်ဂေါက်ကွင်း အတွင်းရေးမှူး ဦးခင်မောင်တင့်နှင့် အလုပ်အမှုဆောင်များက အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်း စတင်ယှဉ်ပြိုင်သည်။

ယခုပြုလုပ်သည့် Burmese Golf Amateur Open ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (အမျိုးသား) ၁၂၆ ဦး ဝင်ရောက်ယှဉ်ပြိုင်နေပြီး ပြိုင်ပွဲကို မျိုးဆက်သစ်ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲကို ဩဂုတ် ၄ ရက်မှ ၇ ရက်အထိ လေးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုညီလေး၊ ဓာတ်ပုံ – MGF**

❖ MNL–2 မှ

နိုင်ငံခြားသားကစားသမားများ အသုံးပြုလာသည့် ရန်ကုန်စီးတီးအသင်းသည် အဖွင့်ပွဲတွင် အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ရန်ကုန်စီးတီးအသင်းအတွက် ဂိုးများကို လေးမိနစ်တွင် စည်သူအောင်၊ ၃၂ မိနစ်တွင် ဟိန်းထက်စည်သူတို့က သွင်းယူပြီး Glory Goal အသင်းအတွက် ချေပဂိုးကို မိနစ် ၄၀ တွင် အောင်ဖြိုးမင်းက သွင်းယူသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် Chinland အသင်းက YB United အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ Chinland အသင်း အဖွင့်ပွဲတွင် ဂိုးပြတ်အနိုင်ရခဲ့ပြီး အနိုင်ဂိုးများကို ၇၊ ၅၉ မိနစ်တွင် လှဖုန်းဦး၊ ၂၇ မိနစ်တွင် တင့်အောင်ကျော်က သွင်းယူသည်။

ပွဲစဉ်(၁)အပြီးတွင် မြဝတီအသင်း၊ Chinland အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ သုံးမှတ်စီရထားပြီး တက္ကသိုလ်အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့က တစ်မှတ်စီရရှိထားကာ Glory Goal အသင်း၊ YB United အသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့မှာမူ ရှုံးပွဲကြုံတွေ့ကာ အမှတ်မရသေးပေ။

**သတင်း – ချစ်ကိုကို၊ ဓာတ်ပုံ – MNL**

❂ Esports မှ

ကမ္ဘာ့အဆင့် Esports ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြု အသင်းတစ်သင်းအနေဖြင့် Yangon Galacticos အသင်းက ပထမဆုံးအကြိမ်အဖြစ် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့ချန်ပီယံ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ ရရှိသည်။

အလားတူ MLBB MSC Esports World Cup–2025 ပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံမှ Mythic SEAL အသင်းက ကမ္ဘာ့အဆင့် ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့ပြီး ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ရရှိခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံမှ အမျိုးသမီးအသင်းဖြစ်သည့် Terror Queen အသင်းကလည်း MLBB MSC Esports World Cup –2025 Mobile Legends: Bang Bang – Women's Invitational (MWI)ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် တတိယဆုရရှိကာ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ရရှိခဲ့သည်။

မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်နာယက ဦးကောင်းထက်စံက "ယခုအောင်မြင်မှုဟာ မြန်မာအီလက်ထရောနစ်အားကစားသမိုင်းမှာ အမြင့်မားဆုံးအောင်ပွဲဖြစ်ပါတယ်။ ပြိုင်ပွဲမတိုင်မီကတည်းက လူငယ်တွေကို အမြဲအားပေးပြီး အဘက်ဘက်က ငွေအား၊ လူအားနဲ့ စီမံခန့်ခွဲလမ်းညွှန်မှု အမြဲမပြတ်ဆောင်ရွက်ပေးခဲ့တဲ့ ကမ္ဘောဇဘဏ်နာယကကြီး ဦးအောင်ကိုဝင်းကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

မြန်မာနိုင်ငံတွင် Esports အားကစား ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ကို ကမ္ဘာ့အသိအမှတ်ပြုထူထောင်ခဲ့ပြီး ဂုဏ်ထူးဆောင်နာယကများအဖြစ် ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် နာယကအဖြစ် ဦးကောင်းထက်စံတို့က ဦးဆောင်ကာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံနှင့် လူငယ်များက အနီးကပ်ကြီးကြပ်၍ ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ကို KBZ Bank နှင့် KBZPay တို့က ၂၀၂၀ ပြည့်နှစ်မှစတင်ကာ အဓိကပံ့ပိုးကူညီပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ Esports အားကစား ကမ္ဘာ့ဖလား ၂၀၂၅ ပြိုင်ပွဲတွင် Dota 2၊ Valorant၊ PUBG Mobile၊ Mobile Legends အပါအဝင် Esports အမျိုးအစား ၂၅ မျိုးကျော် ထည့်သွင်းကျင်းပနေသည့် အားကစားပြိုင်ပွဲ ဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ၌ ကျင်းပလျက်ရှိသည့် Esports အားကစား ကမ္ဘာ့ဖလား ၂၀၂၅ ပြိုင်ပွဲသည် ကမ္ဘာ့အကြီးဆုံး နိုင်ငံတကာ Esports ပြိုင်ပွဲ တစ်ခုဖြစ်ပြီး နိုင်ငံပေါင်း ၁၀၀ ကျော်မှ အသင်း ၂၀၀ ကျော်နှင့် ပရော်ဖက်ရှင်နယ် ကစားသမားပေါင်း ၂၀၀၀ ကျော်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**KMKD**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(ဘုရင့်နောင်) မြေကွက်အမှတ်(စ/၄၉B)၊ ဧရိယာ(အလျား၂၀ပေxအနံ၆၀ပေ)ရှိ (၂၅)နှစ်ဂရန်သက်တမ်းကုန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်တည်ရှိသောအမှတ်(စ/၄၉B)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့်အဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကိုမူလအမည်ပေါက်ဦးစိုးလွင်[၁၂/လမတ(နိုင်)၀၁၄၇၉၂]သည် (၂၂-၇-၂၀၂၁)နေ့တွင်ကွယ်လွန်ခဲ့သဖြင့်အမွေဆက်ခံပိုင်ဆိုင်သူဇနီးဒေါ်ခင်ငွေးမြင့်[၁၂/လမတ(နိုင်)၀၁၄၇၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသစရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားများနှင့်တကွလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း(တရားလွှတ်တော်ရှေ့နေ)(စဉ်-၂၁၇၂)**
**B.A(LAW) LL.B (Advocate), D.B.L, D.M.L,D.I.L, D.A.Psy. WIPO, DL (101), (201), (317) Switzerland (Geneva).**
**အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၇၁၂၀၆၊ ၀၉-၉၇၄၇၃၅၆၈၆**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ် (၃၆)ဟုခေါ်တွင်သော (၂) ခန်းတွဲ (၈)ထပ်တိုက်၏ (၄-လွှာ)၊ (တိုက်ကိုမျက်နှာမူလျှင် -ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း(၁၂ ၁/၂ x၅၀)ပေရှိ တိုက်ခန်း(၁) ခန်းကို ဒေါ်လုလုအောင်(MKA 007267) ၏ကိုယ်စား ဒေါ်ကေဆိုင်ရော် [၁/မကန(နိုင်)၀၁၄၄၁၂]နှင့် ဒေါ်ကိုင်ဂျာ(MKA (093861)၏ ကိုယ်စား သမီးဖြစ်သူ ဒေါ်ဆိုင်းနန် [၉/ခအဇ(နိုင်)၀၀၀၄၃၃]တို့မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးတင်ထွန်းဝင်း [၁/မကန(နိုင်)၀၉၆၂၁၃]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မာမာသိန်း** | **ဒေါ်နီနီဝင်း** |
| **(LL.B) (စဉ်-၈၇၉၂)** | **(LL.B) (စဉ်-၅၁၇၁၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်-၁၈၊ မြေညီထပ်၊ ဦးဖိုးကျားလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၆၄၉၅၉၊ ၀၉-၄၂၀၀၂၂၇၃၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၆)၊ ဦးပိုင်အမှတ်(၇၀)၊ ၄၁x၄၂ကြား၊ ၅၄x၅၅လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးတင့် [၁၃/လရန(နိုင်)၀၇၂၄၃၀]က အမှုတွဲအမှတ် (၁၇၃၇/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၆)၊ ဦးပိုင်အမှတ်(၅၂)၊ ၄၁x၄၂ကြား၊ ၅၄x၅၅လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးတင့် [၁၃/လရန(နိုင်)၀၇၂၄၃၀]က အမှုတွဲအမှတ် (၁၇၃၅/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ လူနေရပ်ကွက်အမှတ် - ဗညားဒလရပ်ကွက်၊ ဗိုလ်ချုပ်(၂)လမ်း၊ အမှတ်(၁၃၅၉) (ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း ပေ(၂၀ x ၆၀) ဦးသန်းအောင်အမည်ဖြင့် ချထားပေးသည့် ပါမစ်မြေကွက်နှင့် နေအိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စန်းစန်းအေး [၇/ဖမန(နိုင်)၀၆၀၉၂၁] မှ လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ခိုင် [၁၂/သခန(နိုင်)၀၄၅၇၁၆]က ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ လူနေရပ်ကွက်အမှတ်-ဗညားဒလရပ်ကွက်၊ ဗိုလ်ချုပ် (၂)လမ်း၊ အမှတ်(၁၃၅၉) (ခြေရင်းခြမ်း)၊ အကျယ်အဝန်းပေ(၂၀ x ၆၀) ဦးသန်းအောင် အမည်ဖြင့် ချထားပေးသည့် ပါမစ် မြေကွက်နှင့်နေအိမ် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးညွန့်ဆွေ [၁၁/ကဖန(နိုင်)၀၀၅၈၄၇] မှ လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ခိုင်[၁၂/သခန(နိုင်)၀၄၅၇၁၆] က ဝယ်ယူရန်စရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်(၂)ကွက် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အရောင်းအဝယ်ကိစ္စအား ဥပဒနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ခိုင်[၁၂/သခန(နိုင်)၀၄၅၇၁၆] ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ဝင်းဖြူ (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၂၈၄/၂၀၁၃)**
**အမှတ်-၄၆၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ -၂၅၁၁၀၃၃၃၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၉)၊ ဦးပိုင်အမှတ်(၁၁)၊ ၅၂x၅၃ကြား၊ ၄၁x၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဖြူဖြူနိုင်[၅/ရဘန(နိုင်)၁၅၂၇၇၉]က အမှုတွဲအမှတ်(၁၇၅၂/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂)၊ ဦးပိုင်အမှတ်(၇၈)၊ ၅၈x၅၉ကြား၊ ၁၀၇x၁၀၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကျင်ဟိုမိတ်(ခ)ဒေါ်မြမြထွေး [၉/မရတ(နိုင်)၀၄၄၉၆၀]က အမှုတွဲအမှတ်(၁၇၂၈/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၄)၊ ဦးပိုင်အမှတ်(၁၅+၁၆)၊ ၅၂x၅၃ကြား၊ ၄၀x၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ မနန်းရွှေစံအိမ်၊ မောင်စိုင်းမင်းသန့်တို့၏ (အုပ်ထိန်းအဒေါ်)ဒေါ်မူမူခိုင်[၅/ရဘန(နိုင်)၀၃၈၈၄၆]က အမှုတွဲအမှတ်(၁၇၅၃/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၃)၊ ဦးပိုင်အမှတ်(၅၈)၊ ၅၆x၅၇ကြား၊ ၁၀၃x၁၀၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကျန်ရွှေဖန်း[၁၃/လရန(နိုင်)၀၅၄၉၄၁]က အမှုတွဲအမှတ်(၁၇၄၀/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ ငါးလုပ်ငန်းသိပ္ပံ (တွံတေး)
## ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာ ပထမနှစ်သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့ နယ်ရှိငါးလုပ်ငန်းသိပ္ပံ တွင် တက်ရောက်လိုသူများသည် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန/ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)တို့တွင် လျှောက်ထား နိုင်သည်။

၂။ ဒီပလိုမာသင်တန်းသို့ တက်ရောက်ခွင့်ရရှိသူသည် (၃)နှစ်သင်တန်း တက်ရောက်ရမည်ဖြစ်ပါသည်။ ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေး ဒီပလိုမာသင်တန်း အောင်မြင်ပါက ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာ အောင်လက်မှတ် (Diploma in Fisheries and Aquaculture) ပေးအပ်မည်ဖြစ်ပါသည်။ ဒီပလိုမာသင်တန်း အောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီသူများကို ရန်ကုန်တက္ကသိုလ်တွင် B.Sc (Fisheries and Aquaculture) သင်တန်းတက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည်ဖြစ်ပြီး၊ ဒီပလိုမာသင်တန်း(၃)နှစ်ပြီးဆုံးပါက ဌာနနှင့် ပြင်ပပုဂ္ဂလိကကုမ္ပဏီများတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်ရက်(၃၀-၉-၂၀၂၅)ရက်နေ့တွင် အသက်(၂၂)နှစ်ထက် မကြီးသူဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူအောက်ဖော်ပြပါအထောက်အထားများပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီးထောက်ခံချက် (မူရင်း)
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်း(မိတ္တူ) (ကျောင်းအပ်နှံသည့်အချိန်တွင် မူရင်းတင်ပြရမည်)
(ဂ) မွေးသက္ကရာဇ်မှန်ကန်ကြောင်းထောက်ခံချက် (သက်ဆိုင်ရာကျောင်းအုပ်ကြီးထောက်ခံချက်)
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းနှင့် ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)
(င) လျှောက်ထားသူနှင့်မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)များနှင့် အိမ်ထောင်စုဇယား (မိတ္တူ)
(စ) လိုင်စင်ဓါတ်ပုံ (အောက်ခံအပြာရောင်ဖြင့်) (၅)ပုံ (၁.၁ x ၁.၃) လက်မ

၅။ လျှောက်လွှာများကို တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်/ မြို့နယ်/ ငါးလုပ်ငန်းဦးစီးဌာန/ ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး) သို့ (၃၀-၉-၂၀၂၅) ရက်နေ့ထက်နောက်မကျစေဘဲ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ တက်ရောက်ခွင့်ရရှိသူများ၏အမည်စာရင်းနှင့် ကျောင်းဖွင့်လှစ်မည့်ရက်အား တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနများနှင့် ငါးလုပ်ငန်းသိပ္ပံ (တွံတေး)မှ ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၇။ သင်တန်းတက်ရောက်စဉ်ကာလအတွင်း နိုင်ငံတော်၊ အသင်းအဖွဲ့များနှင့် ကုမ္ပဏီများမှ ချီးမြှင့်မှုများလည်းရှိမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၀၈၄၇၂၊ ၀၆၇-၄၀၈၄၇၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဝင်ခွင့်လျှောက်လွှာ(ပုံစံ)

**စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)**
**ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာဝင်ခွင့်လျှောက်လွှာ**

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | အမည် | | လူမျိုး/ဘာသာ | အလုပ်အကိုင် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|---|---|
| လျှောက်ထားသူ | မြန်မာ | | | | |
| | အင်္ဂလိပ် | | | | |
| ဖခင် | | | | | |
| မိခင် | | | | | |
| အုပ်ထိန်းသူ (မိဘများကွယ်လွန်ပြီးဖြစ်ပါက) | | | | | |

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် -----------------ခုနှစ်၊-------------လ၊------------- ရက်။
၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်ခုံအမှတ်------------၊စာစစ်ဌာန--------------၊ တိုင်းဒေသကြီး/ပြည်နယ် ---------------------------------။
၄။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ---------------------------------- ဖုန်း---------------။

ရက်စွဲ ---------------------------- (လျှောက်ထားသူလက်မှတ်)

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၉)၊ ဦးပိုင်အမှတ်(၂၇-ဈ)၊ ၈၀ လမ်း၊ ၉x၁၀လမ်းကြားရှိ မအုံးသင်းအမည်ပေါက် ဘိုးဘ မြေကွက်အား ဇနီး ဒေါ်အုံးသင်း ကွယ်လွန်၍ အေအမ်ဂျာနီထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၇၅၂/၁၉၅၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကံ ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၈၄/၁၉၅၇)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကြင်ရွှေထံမှ အရောင်းအဝယ် စာချုပ် အမှတ် (၄၉၄/၁၉၆၂)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန်းကြည်ထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၄၇၃/၁၉၆၆)ဖြင့် ဝယ်ယူခဲ့သော ဦးပန်ချာ၊ ဇနီး ဒေါ်ခင်ကြည်တို့ ဝယ်ယူခဲ့ပြီး ခင်ပွန်း ဦးပန်ချာကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၄၇၅/၂၀၁၀)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီး ဒေါ်ခင်ကြည်ထံမှ အပေးစာချုပ်အမှတ်(၂၂၃၄/၂၀၁၀)ဖြင့် ပိုင်ဆိုင်ခဲ့ကြသော ဒေါ်ရှမ်း၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ကြည်ကြည်သန်းတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၈၆၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်ငွေးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၇၈၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးရော်ဘီ [၉/ခမစ(နိုင်) ၀၁၇၈၇၉]က အမှုတွဲအမှတ်(၀၂၁၄/ဘ (ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊မှော်ဘီမြို့နယ်၊ လိပ်ပွတ်ကျေးရွာအုပ်စု၊ မြေတိုင်းရပ်ကွက်အမှတ်- (၅၆၀ᵉ)လိပ်ပွတ်ကျေးရွာ၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၇၄/၁+၇၆/၁ᵃ) ဧရိယာ(၇.၀၃ ဧက)ရှိ နှစ်(၃၀)ဂရန်ရှိ စက်မှုမြေကွက်နှင့် ယင်းမြေကွက်များပေါ်တွင် တည်ရှိသော အမှတ်(၇၄/၁+၇၆/၁ᵃ)၊ အမှတ်(၄)လမ်းမကြီး၊ လိပ်ပွတ်ကျေးရွာ၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် စက်ရုံအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဒေါ်အက်စတာ[၉/မကန(နိုင်)၁၄၈၁၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသစရန်ငွေ ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း(တရားလွှတ်တော်ရှေ့နေ) (စဉ်-၂၁၇၂)**
**B.A(LAW) LL.B (Advocate), D.B.L, D.M.L,D.I.L, D.A.Psy. WIPO, DL (101), (201), (317) Switzerland (Geneva).**
**အမှတ် (၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၀၇၁၂၀၆၊ ၀၉-၉၇၄၇၃၅၆၈၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၀)၊ ဦးပိုင်အမှတ်(၃၅)၊ ၆၂(B)လမ်း၊ ၁၂၄x၁၂၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စိုးမေ [၁၃/ကခန(နိုင်)၀၃၈၅၇၁]၊ ဒေါ်ကွေဖိန်း(ခ)ရီရီဝင်း [၁၃/ကခန(နိုင်) ၀၇၆၀၉၀]တို့က အမှုတွဲအမှတ်(၁၇၄၅/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ မြေကွက်အမှတ်-၃၁၂၊ မြေကွက်တည်နေရာအမှတ်-၃၁၂၊ ထွန်းသီရိ(၆)လမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ကျင်စိန် (ISN-၂၃၆၆၈၁ ) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၁၇၆/၂၀၂၄ ဖြင့် ဦးကျော်ဆန်းဝင်း၊ ဒေါ်သဇင်ထက်ဦး၊ ဒေါ်နန်းလှိုင်လှိုင်အေးတို့မှ (တရားလို) ပြု၍ ဒေါ်ကျင်စိန်အပေါ် (တရားပြိုင်)ထားကာ "မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" ဖြင့် စွဲဆိုခဲ့ရာ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေရန် တရားလိုများ တောင်းဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၁၀-၁၂-၂၀၂၄) ရက်စွဲပါစီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှု အမှတ် ၁၄၈/၂၀၂၄ ၏ ( ၉-၁-၂၀၂၅) ရက်စွဲပါ အမိန့်နှင့် နေ့စဉ်မှတ်တမ်း၊ တရားရှုံး ကိုယ်စား မြေပုံမြေရာဇဝင် ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း (၁၀-၁-၂၀၂၅)ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)တို့တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လှဲ့လှဲ့ခိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တောတောင် ပျက်ပြုန်း မြေဆီသုဉ်း၏

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၇-၂၀၂၅ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၃) ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၁)ဒေါ်ခင်မြရွှေ+၂၏အမည်ပြောင်းတွင်မြေကွက်လိပ်စာ(၂၁) အေးစေတီလမ်း၊ဆရာစံမြောက်/အရှေ့ရပ်ကွက်ဟုအမှန်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပေးပါရန်

(၂၉-၅-၂၀၂၅)ရက် ကြေးမုံသတင်းစာ ကြေညာအား တရားလွှတ်တော် ရှေ့နေ ဒေါ်လှလှသန်း ကြော်ငြာတွင် ခြံအမှတ် (၁၅)အား၊ ခြံအမှတ် (၁၉)ဟု ပြင်ဆင်ဖတ်ရှု ပေးပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၁၁၃) ဟုခေါ်တွင်သော မြေပေါ်ရှိ တိုက်အမှတ်(၇၁)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ဒုတိယထပ် (၃)လွှာ၊ (ခြေရင်းခန်း)၊ အခန်းအမှတ်(B-3)၊ အကျယ်(၁၂ပေခွဲx၅၀ပေ)ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူများဖြစ်ကြသည့် (၁)ဦးမင်းသူရိန် [၁၁/ကဖန(နိုင်)၀၆၄၄၈၆]၊ (၂) ဒေါ်မျိုးအိစံ [၁၁/ကဖန(နိုင်)၀၇၅၈၉၂]တို့မှ မိမိတို့ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဟိန်းစိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၇၆၄)**
**အမှတ်(၅၁)၊ ပထမထပ်(ဝဲ)၊ ၃၈လမ်း (ကမ်းနားဘလောက်)၊**
**(၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၅၀၊ မြေကွက်အမှတ် – ၂၈၉၊ အကျယ် (၄၀'x၆၀')၊ မြေအမျိုးအစား– ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၂၈၉)၊ ရွှေခရမ်းလမ်း၊ ၁၅၀–ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးချစ်ဆွေ (ZLN – ၁၁၃၄၄၇) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါက်တာဝင်းသီတာ [၁၂/မရက(နိုင်)၀၂၇၇၈၁] က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဟိန်းစိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၇၆၄)**
**အမှတ် (၅၁)၊ ပထမထပ်၊ ၃၈–လမ်း၊ (ကမ်းနားဘလောက်)**
**(၆) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သံဒင်း(၁၉)ရပ်ကွက်၊ မြေတိုင်း(၄၇)၊ နှင်းပန်းလမ်း၊ အမှတ်(၆၆၄/က)**ဟုခေါ်တွင်သော ဧရိယာ(၂၀ x ၆၀) ပေ အကျယ်ရှိ မြေကွက်နှင့် နေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ **ဦးကျော်ဇင်ဦး [၁၀/ခဆန(နိုင်)၀၇၅၆၉၉]** ကိုင်ဆောင်သူမှ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက်ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ကျင်ယု [၁၂/ရပသ(နိုင်) ၀၁၇၆၇၂]**က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်ကျင်ယု ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇူလိုင်မို့မို့ဝင်း ( LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၄၈၀၄)**
**အမှတ်(၁၄၂/ခ)၊ ရေပြာလမ်း၊ (၁၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း–၀၉–၄၅၃၀၈၇၀၂၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၂၈ အီး ၂၊ မြေကွက်အမှတ် – ၁၅၉၊ ဧရိယာ( ၀.၀၅၀ ) ကေရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်ယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်သူ ဦးကျန်ကာခင် (ခ) ဦးအောင်ကျော်လတ် [၁၂ /လမတ(ဧည့်)၀၀၀၀၉၅]၊ ဦးအောင်ဇော်ခင် [၁၂/လမတ(နိုင်)၀၂၃၇၆၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးဇော်မင်းနိုင်စိုး[၁၂/မဂဒ(နိုင်)၀၈၇၆၇၃]၊ ဒေါ်အေးမြင့်ခိုင် [၁၂/မဘန(နိုင်)၀၈၁၉၇၁] တို့က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ( ၇ ) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေများ ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းသင်းထက် ( LL.B, D.B.L )**
**တရားလွှတ်တော်ရှေ့နေ( စဉ် – ၁၁၈၈၅ )**
**တိုက် – (၁၀/၁၂)၊ အခန်း(၁၀၄/F) ပထမထပ်၊ ၃၅ လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/တောင်၊ မြို့မ(၁)လမ်း၊ မြေကွက်အမှတ် (၆၀၅/က)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိမြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်တင်အေး [၁၂/သကတ(နိုင်)၀၇၃၉၅၆] အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်အား အဆက်ဆက် တရားဝင်ပိုင်ဆိုင်သူ ဦးကျော်စွာလင်းခင် [၁၄/ပသန(နိုင်)၁၆၄၈၄၆] ထံမှ ကျွန်ုပ်မိတ်ဆွေက တရားဝင် အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေအိမ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ယခု ကြော်ငြာပါပြီးသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်လှလှခိုင်**
**အထက်တန်းရှေ့နေ (လိုင်စင်–၂၃၃၈၀)**
**အမှတ်(၃၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း–၀၉–၅၀၄၇၀၀၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ နတ်မောက်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(သမက–၄)၊ မြေကွက်အမှတ် (၃၈၈/က)၊ အကျယ်အဝန်း(၂၀ ပေ x ၆၀ ပေ) အကျယ်အဝန်းရှိသော ဒေါ်ကြည်ကြည်ရွှေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ကြည်ကြည်ရွှေ [၁၄/ လပတ(နိုင်)၀၀၅၃၀၂] ထံမှ ကျွန်ုပ်မိတ်ဆွေသည် တရားဝင်အပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးမြသီတာ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ပြည့်ဖြိုးဝင်း(LL.B, LL.M, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၃၂၈/၂၀၂၂)**
**အမှတ်(၂၃၆)၊ ဝေပုလ္လ(၅)လမ်း၊ (ဃ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၆၃၀၄၆၊ ၀၉–၇၉၉၅၁၁၅၁၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၁၇၄၊မြေကွက်အမှတ်–၆၃၊ ဧရိယာ(–)ဧကမြေကွက်တည်နေရာအမှတ်(၆၃)၊မန္တလေးလမ်း၊(၁၇၄)ရပ်ကွက်၊ဒဂုံဆိပ်ကမ်းမြို့နယ်၊ဦးအောင်ကျော်စိုး(၁၂/တမန(နိုင်)၀၉၃၈၃၇) အမည်ပေါက်ပါမစ်မြေအားပါမစ်အမည်ပေါက်–ဦးအောင်ကျော်စိုး(၁၂/တမန (နိုင်)၀၉၃၈၃၇)မှအခွန်ဌာနမှချထားပေးသောမြေချပါမစ်နှင့်မြေကွက်ဖိုးငွေ သွင်းချလံတို့တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်း အားမြေပြင်ကွင်းဆင်းစစ်ဆေးရာဧရိယာ(၆၀'×၈၀')(၄၈၀၀)စတုရန်းပေရှိ ပြီးမြေကွက်လပ်ဖြစ်သဖြင့်အခွန်ဌာန၊ငါးပိငါးခြောက်၊အသံအနံ့ဇုန်ဖြစ်သဖြင့် အဆောက်အဦရှိပြီးလုပ်ငန်းဆောင်ရွက်မှသာဆက်လက်ဆောင်ရွက်ပေး၍ ရမည်ဖြစ်ကြောင်းကြားခဲ့ရာလျှောက်ထားသူမှဝင်စာအမှတ်–၁၄၀၃/၆–၂– ၂၀၂၅ဖြင့်ဂရန်ရှိပြီးမှသာအဆောက်အဦးဆောက်လုပ်၍ရမည်ဖြစ်ပါသဖြင့် အဆိုပါမြေကွက်အားဂရန်ရရှိပြီးမှသာအဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် အဆောက်အဦဆောက်လုပ်မည်ပုံစံပူးတွဲတင်ပြလာပါသည်။သို့ဖြစ်ပါ၍ဦး အောင်ကျော်စိုးမှအခွန်ဌာနမှချထားပေးသောမြေချပါမစ်၊ငွေသွင်းချလံတို့တင် ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံ သောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၃၈)မြတ်မင်္ဂလာလမ်း၊မြေကွက်အမှတ်(၅၆၇)ဟုခေါ်တွင်သော (၄၀× ၆၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် (မြေကွက်အမှတ်(၅၆၈)နှင့် ကပ်လျက်အခြမ်း)၊ မြေကွက်ကို လမ်းမပေါ်မှ မျက်နှာမူပါကညာဘက်/ခြေရင်း၊(၂၀× ၆၀)ပေရှိ နှစ်(၆၀)ဂရန် မြေနှင့်အိမ်ကိုဝယ်ယူခြင်းအားကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

